# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
# (၂၈)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက် )

[ သောကြာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၂၈)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီ ရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၀) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့ အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့(၂၈)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို လွှတ်တော်သို့ ဖတ်ကြားတင်ပြပါမယ်။

ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးတင်အောင်မိုး၊ တပ်မတော်၊ ဆေးရုံတက် ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များနဲ့ပတ်သက်ပြီး ခွင့်ပြုဖို့ လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာ ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၂၈)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၀) ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း

ခွင့်ပြုထားသူ(၂၂)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က သတင်းမီဒီယာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ သတင်းမီဒီယာ ဥပဒေကြမ်းနဲ့ စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ကော်မတီက ဖတ်ကြား တင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးအောင်ငြိမ်း (ဥပဒေကြမ်းကော်မတီဝင်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း ဖြစ်ပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်လည်း ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ သတင်းမီဒီယာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ အကြံပြုချက်အပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ သတင်းမီဒီယာဥပဒေကြမ်းနှင့် စပ်လျဉ်း၍<br>အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုချက်အပေါ်<br>စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၃-၁၅၃
ရက်စွဲ ၊ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်

၁။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင် က ၁၉-၈-၂၀၁၃ ရက်နေ့တွင် သတင်းမီဒီယာ ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်သို့ တင်သွင်းခဲ့ပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၂၇-၈-၂၀၁၃ ရက်နေ့တွင်

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကို ဖိတ်ခေါ်၍ အစည်းအဝေးပြုလုပ်ခဲ့ပြီး လိုအပ်ချက်များကို မေးမြန်းဆွေးနွေးခဲ့ပါတယ်။ အဆိုပါ ဥပဒေကြမ်းကို မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှ ရေးဆွဲခဲ့ခြင်းဖြစ်ပြီး ပြန်ကြားရေးဝန်ကြီး ဌာနမှ တာဝန်ရှိသူများနှင့် အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြကာ ကွဲလွဲချက် အနည်းငယ်မှ လွဲ၍ သဘောတူညီမှု ရရှိခဲ့ပြီးဖြစ်သည် ဟု လေ့လာသိရှိရပါတယ်။ ဖော်ပြပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၂၈-၈-၂၀၁၃ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် (၅)ဦးက အကြံပြုဆွေးနွေးခဲ့ကြပါတယ်။

လေ့လာတွေ့ရှိချက်

၂။ သတင်းမီဒီယာဥပဒေကြမ်းအပေါ်တွင် အကြံပြုဆွေးနွေးခဲ့ကြသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ဖြစ်ကြသည့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင်၊ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း တို့နှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီသည် ညှိနှိုင်းဆွေးနွေးခဲ့ပြီး အောက်ပါအချက်များကို ပြင်ဆင်ပယ်ဖျက်ရန် သဘောတူညီခဲ့ကြပါတယ် -

(က) အမျိုးသားလွှတ်တော်၊ ကိုယ်စားလှယ် ဦးအုန်းတင် နှင့် ဦးလှဆွေ တို့၏ အကြံပြု ဆွေးနွေးချက်အရ ဥပဒေကြမ်း၏ ပုဒ်မ ၂၊ ပုဒ်မခွဲ(က)တွင် အသုံးအနှုန်းများဆီလျော် ညီညွတ်မှု ရှိစေရန်နှင့် အဓိပ္ပာယ် တိကျစေရန်အတွက် သတင်းအချက်အလက် များကို ခွဲခြမ်းစိတ်ဖြာခြင်း၊ ပျံ့နှံ့စေခြင်း ဟူသော စကားရပ်၌ သတင်းအချက် အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း၊ ဖြန့်ချိခြင်းဟု ပြင်ဆင်ရန် လည်းကောင်း၊ ပုံနှိပ် မီဒီယာ၊ ရုပ်သံလွှင့်မီဒီယာ၊ အင်တာနက်မီဒီယာ ဟူသည့် စကားရပ်၌ ပုံနှိပ်မီဒီယာ၊ ရုပ်သံလွှင့်မီဒီယာ၊ အယ်ဒီတာ တာဝန်ယူမှုရှိသော အင်တာနက်မီဒီယာ ဟု ဖြည့်စွက်ရန်လည်းကောင်း၊ လူမှုရေးနှင့် အများပြည်သူဆိုင်ရာ ပြန်ကြားဆက်သွယ်ရေး လုပ်ငန်းများဟူသည့် စကားရပ်၌ လူမှုရေးနှင့် ဟူသည့် စကားလုံးကို နုတ်ပယ်ရန် လည်းကောင်း ညှိနှိုင်းသဘောတူညီခဲ့ကြပါတယ်။

(ခ) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအုန်းတင် နှင့် ဒေါ်ခင်ဝိုင်းကြည် တို့၏ အကြံပြုဆွေးနွေးချက်အရ ဥပဒေကြမ်း၏ ပုဒ်မ ၆၊ ပုဒ်မခွဲ(က)တွင် ဥပဒေ တစ်ရပ်ရပ်အရ ဖြစ်စေ၊ အာဏာပိုင်အဖွဲ့အစည်း(၃)ရပ်ကဖြစ်စေ၊ အမိန့်၊ ညွှန်ကြားချက်ဖြင့် လုံခြုံရေးအဆင့်အတန်း သတ်မှတ်ထားသော စာရင်းဇယား၊ ဓာတ်ပုံ၊ မှတ်တမ်းရေးသားချက်များမှအပ ဟူသည့် စကားရပ်ကို နုတ်ပယ်ပြီး အများပြည်သူ သိခွင့်ရှိသော သတင်းအချက်အလက်များကို သတ်မှတ်ထားသော စည်းကမ်းနှင့်အညီ အစိုးရဌာန၊ အဖွဲ့အစည်းများထံမှ တောင်းယူကြည့်ရှုခွင့် ရှိသည် ဟု အရေးအသား ကျစ်လျစ်စေရန် ပြင်ဆင်သင့်ကြောင်း ညှိနှိုင်းသဘော တူညီခဲ့ပါသည်။

(ဂ) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ၏ အကြံပြုဆွေးနွေးချက်အရ အများ ပြည်သူအကျိုးစီးပွားအလို့ငှာ ဟူသည့် စကားရပ်သည် (Common Law term) ဥပဒေ အသုံးအနှုန်းတစ်ရပ်ဖြစ်ပြီး သီးခြားအဓိပ္ပာယ်ဖွင့်ဆိုရန် မလိုအပ်သဖြင့် ပုဒ်မ ၂၊ ပုဒ်မခွဲ(ည)ကို ပယ်ဖျက်ပြီး ပုဒ်မ ၈၊ ပုဒ်မခွဲ(က)ကို ကျင့်ဝတ်နှင့်အညီ မိမိအမည်ကို ထုတ်ဖော်ပြောဆို၍ သတင်းရယူရမည်။ သို့ရာတွင် အများပြည်သူနှင့်ဆိုင်သော ကိစ္စရပ်များဖြစ်သည့် ပြည်သူ့ကျန်းမာရေး၊ ပြည်သူတို့၏ ဘေးကင်းလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်တို့ကို ထိခိုက်စေနိုင်သော ကိစ္စရပ်များ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် လူမှုစီးပွားရေးဆိုင်ရာ ဆောင်ရွက်ချက်များတွင် မမှန်မကန်ဆောင်ရွက်မှုများ၊ အကျင့်ပျက်ခြစားမှု များကို ဖော်ထုတ်ရန် မဖြစ်မနေ စုံစမ်းရမည့်သတင်း ဖြစ်ပါက သက်ဆိုင်ရာ အယ်ဒီတာ၏ ခွင့်ပြုချက်ဖြင့် အမည်မဖော်ပြဘဲ စုံစမ်းခွင့်ရှိပြီး ထိုသို့ ဆောင်ရွက်ခဲ့ကြောင်းကို ဖော်ပြပေးရမည်ဟု ပြင်ဆင်ရန် သဘောတူညီခဲ့ကြပါသည်။ ဥပဒေကြမ်းပုဒ်မ ၁၁ ကို သတင်းမီဒီယာလုပ်ငန်း လုပ်ကိုင်လိုသူသည် သက်ဆိုင်ရာ လုပ်ငန်းအမျိုးအစားအလိုက် သက်ဆိုင်ရာ ဥပဒေနှင့်အညီ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် သို့မဟုတ် လိုင်စင်ရယူရမည် ဟု လက်တွေ့ဆောင်ရွက်ချက်များနှင့် ကိုက်ညီစေရေးအတွက် ပြင်ဆင်ဖော်ပြရန် သဘောတူညီခဲ့ကြပါတယ်။ ဥပဒေကြမ်း ပုဒ်မ ၁၂ ကိုလည်း ကောင်စီသည် စာနယ်ဇင်းသမားများနှင့် စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်နိုင်သည့် တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်သည် ဟု လုပ်ငန်းနယ်ပယ်နှင့် ကိုက်ညီမှုရှိစေရန် ပြင်ဆင်သင့်ကြောင်း သဘောတူညီခဲ့ကြပါသည်။

(ဃ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအုန်းတင် နှင့် ဦးလှဆွေ တို့၏ အကြံပြုချက်အရ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မခွဲ(ဂ)တို့မှာ ဖော်ပြထားသည့် နှောင်ကြိုးမဲ့ ဟူသည့် အသုံးအနှုန်းသည် ဥပဒေတွင် ထည့်သွင်းသုံးစွဲရန် မသင့်လျော်သဖြင့် စေတနာအလျောက် ဟု ပြောင်းလဲပြင်ဆင်ရန် သဘောတူညီခဲ့ပါသည်။ ပုဒ်မ ၂၁ တွင် ဖော်ပြထားသည့် ပုဒ်မ ၈၊ ပုဒ်မခွဲ(က)တွင် ပြဋ္ဌာန်းထားသည့် တာဝန်နှင့် ကျင့်ဝတ်သိက္ခာ တစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်း ယူဆလျှင် ရှေးဦးစွာ ကောင်စီသို့ တိုင်ကြားရမည် ဟူသည့် ဖော်ပြချက်အစား တရားစီရင်ရေးနည်းလမ်းဖြင့်လည်း အရေးယူဆောင်ရွက်နိုင်ပါသဖြင့် ရှေးဦးစွာ ကောင်စီသို့ တိုင်ကြားနိုင်သည် ဟု ပြင်ဆင်သင့်ကြောင်း သဘောတူညီခဲ့ကြပါသည်။

(င) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ နှင့် ဦးဇုန်လှယ်ထန်း တို့၏ အကြံပြုချက်အရ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိစေရန် ဥပဒေကြမ်း ပုဒ်မ ၂၅ နှင့် ပုဒ်မ ၂၇ တို့ကို ပယ်ဖျက်၍ ပုဒ်မ ၃၅၊ ပုဒ်မခွဲ(ခ)ပါ မူပိုင်ခွင့်နှင့် မော်ကွန်းဌာနတွင် စာရင်းတင်သွင်းခြင်းတို့ ပြုလုပ်ခွင့်ရှိသည် ဟူသည့် စကားရပ်အစား ဝန်ကြီးဌာနသို့ စာရင်းတင်သွင်းခြင်းတို့ ပြုလုပ်

ခွင့်ရှိသည် ဟု ပြင်ဆင်သင့်ကြောင်း သဘောတူညီခဲ့ကြပါတယ်။ ဤဥပဒေကြမ်းတွင် ပုဒ်မ(၂)ခုကို ပယ်ဖျက်ပါသဖြင့် ပြောင်းလဲသွားသည့်အတိုင်း အမှတ်စဉ်ပြောင်းလဲ စီစဉ်သင့်ကြောင်းကိုလည်း သဘောတူညီခဲ့ကြပါတယ်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ သတင်းမီဒီယာဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်များအနက် ပုဒ်မ ၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၈၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၁၁၊ ပုဒ်မ ၁၂၊ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၂၀ နှင့် ပုဒ်မ ၃၅၊ ပုဒ်မခွဲ(ခ)တို့ကို ပြင်ဆင်ရန်နှင့် ပုဒ်မ ၂၊ ပုဒ်မခွဲ(ည)၊ ပုဒ်မ ၂၅ နှင့် ပုဒ်မ ၂၇ တို့ကို ပယ်ဖျက်ရန် တင်ပြချက်များသည် ကျိုးကြောင်းညီညွတ်မှု ရှိသည့်အတွက် အဆိုပါ ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုသင့်ပါကြောင်း တင်ပြအပ်ပါသည်။

၄။ ဤဥပဒေကြမ်းအပေါ်တွင် ပြန်ကြားရေးဝန်ကြီးဌာန တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှ တာဝန်ရှိသူများ အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြရာတွင် ကွဲလွဲချက်အနည်းငယ်မှလွဲ၍ ကျန်အချက်များကို သဘောတူညီမှု ရရှိခဲ့ကြပြီးဖြစ်သဖြင့် ဥပဒေကြမ်းကော်မတီအနေဖြင့် သဘောတူညီမှုရရှိပြီးသည့် အချက်များအပေါ်တွင် သီးခြားအကြံပြုရန် မရှိပါကြောင်း တင်ပြအပ်ပါသည်။ ကွဲလွဲသည့်အချက်များအပေါ်တွင်လည်း အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ပြင်ဆင်ချက်များတင်ပြလာသည်ကို ဆွေးနွေးညှိနှိုင်း ပြင်ဆင်ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော် က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။

အားလုံးကို ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သတင်းမီဒီယာ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ အဲဒီတော့ ဥပဒေကြမ်းကော်မတီကို ပုဒ်မ ၃၆ ကိစ္စတွေ ကျွန်တော်လည်း မဖတ်ရသေးတော့ ပုဒ်မ ၃၆၊ ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပြန်ခဲ့သည့် လွှတ်လပ်စွာ ရေးသားထုတ်ဝေခွင့်ကို ကန့်သတ်တားမြစ်သော အမိန့်များ၊ ညွှန်ကြားချက်များ၊ အမှာစာများနှင့် ထုတ်ပြန်ချက်များသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့ ဆန့်ကျင်သမျှ ပျက်ပြယ်သည် ဟု မှတ်ယူရမည်။ ဒါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းဥပဒေမှာတုန်းက ပယ်ဖျက်လိုက်ပြီ။ ၆၂ ကို။ အခု ဒီ ၃၆ ကို ဘယ်လို လုပ်ထားပါသလဲ။ ဒီမှာ ထည့်ထားသေးလား။ ဖြုတ်ထား ပြီးပြီလား။ ဒါဖြင့် ဖြုတ်ရမှာပေါ့။ သေချာပြီနော်။

အစီအစဉ်(၆)ကိုဆောင်ရွက်မှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ သတင်းမီဒီယာ ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ်ပြင်ဆင်ချက် -

သတင်းမီဒီယာဥပဒေ

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ။)

၁၃၇၅ ခုနှစ်၊ လ ရက်

(၂၀၁၃ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ်ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၁)၊ အပိုဒ် ၂(က)

၂။ ဤဥပဒေတွင်ပါရှိသော စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) သတင်းမီဒီယာ ဆိုသည်မှာ သတင်းရှာဖွေခြင်း၊ ရယူခြင်း၊ ပိုင်ဆိုင်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း၊ ဖြန့်ချိခြင်း အစရှိသည်တို့ကို စာ၊ အသံ၊ အရုပ်၊ ရုပ်သံ၊ ကိန်းဂဏန်း အချက်အလက်၊ ရုပ်ပုံဒီဇိုင်း စသည့် အသွင်သဏ္ဌာန်များ အသုံးပြု၍ ပုံနှိပ်မီဒီယာ၊ ရုပ်သံလွှင့်မီဒီယာ၊ အယ်ဒီတာ တာဝန်ယူမှုရှိသော အင်တာနက်မီဒီယာ သို့မဟုတ် အခြားနည်းလမ်းများဖြင့် လုပ်ကိုင်သည့် အများပြည်သူဆိုင်ရာ ပြန်ကြားဆက်သွယ်ရေး လုပ်ငန်းများကို ဆိုသည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(က) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(က)သည် ဤဥပဒေကြမ်း ၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက် - အခန်း(၁)၊ အပိုဒ် ၂(ည)၊ အခန်း(၈)၊ အပိုဒ် ၂၅၊ အခန်း(၉)၊ အပိုဒ် ၂၇ တို့အား ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၃)၊ အပိုဒ် ၆(က)၊ အပိုဒ် ၈(က)

၆။ သတင်းမီဒီယာသမားတစ်ဦးသည် -

(က) အများပြည်သူ သိခွင့်ရှိသော သတင်းအချက်အလက်များကို သတ်မှတ်ထားသော စည်းကမ်းနှင့်အညီ အစိုးရဌာန၊ အဖွဲ့အစည်းများထံမှ တောင်းယူကြည့်ရှုခွင့် ရှိသည်။

၈။ သတင်းမီဒီယာသမား တစ်ဦးသည် -

(က) ကျင့်ဝတ်နှင့်အညီ မိမိအမည်ကို ထုတ်ဖော်ပြောဆို၍ သတင်းရယူရမည်။ သို့ရာတွင် အများပြည်သူနှင့် သက်ဆိုင်သော ကိစ္စရပ်များဖြစ်သည့် ပြည်သူ့ကျန်းမာရေး၊ ပြည်သူတို့၏ ဘေးကင်းလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်တို့ကို ထိခိုက်စေနိုင်သော ကိစ္စရပ်များ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် လူမှုစီးပွားရေး

ဆိုင်ရာ ဆောင်ရွက်ချက်များတွင် မမှန်မကန် ဆောင်ရွက်မှုများ၊ အကျင့်ပျက် ခြစားမှုများကို ဖော်ထုတ်ရန် မဖြစ်မနေစုံစမ်းရမည့် သတင်းဖြစ်ပါက သက်ဆိုင်ရာ အယ်ဒီတာ၏ ခွင့်ပြုချက်ဖြင့် အမည်မဖော်ပြဘဲ စုံစမ်းခွင့်ရှိပြီး ထိုသို့ ဆောင်ရွက်ခဲ့ကြောင်းကို ဖော်ပြပေးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၃)၊ အပိုဒ် ၆(က)၊ အပိုဒ် ၈(က) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃)၊ အပိုဒ် ၆(က)၊ အပိုဒ် ၈(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဘာလဲ။

**ဦးကျော်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ ခုနက အခန်း(၃)၊ ပုဒ်မ ၈ မှာ စာလုံးတစ်လုံးနဲ့ ပတ်သက်လို့ ကျွန်တော် တင်ပြချင်ပါတယ်။ အဲဒီစာလုံးက (က)မှာ ကျင့်ဝတ်နဲ့အညီ မိမိအမည်ကို ထုတ်ဖော်ပြောဆို၍ သတင်းရယူရမည်။ သို့ရာတွင် အများသူနဲ့ သက်ဆိုင်သောဆိုတဲ့ စကားရပ်မှာ အများသူနဲ့ဆိုတဲ့ စကားအစား အများနဲ့ဆိုင်သော၊ သက်ဆိုင်သော သို့မဟုတ် အများပြည်သူနဲ့ သက်ဆိုင်သော အဲဒီလို ပြင်ဆင်သင့်ပါတယ်လို့ ကျွန်တော် တင်ပြလိုပါတယ်။ ဒါပါပဲ။

**ဥက္ကဋ္ဌ**။ ။ ဘယ်လိုလဲ ပြန်ပြောပါ၊ အများပြည်သူနဲ့ သက်ဆိုင်သော

**ဦးကျော်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ သို့မဟုတ် အများနဲ့ သက်ဆိုင်သော

**ဥက္ကဋ္ဌ**။ ။ သို့မဟုတ်၊

**ဦးကျော်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ ဒီမှာက မဟုတ်ပါဘူးခင်ဗျား။ ဒီမှာ အများသူလို့ ပါနေပါတယ်။ အများသူ လို့ သုံးနှုန်းထားတဲ့အတွက် ဒီ အများသူအစား၊ မဟုတ်ဘူးခင်ဗျား။ အရင်ဖတ်ပြတဲ့ ဟာမှာလည်း အများသူပဲ။

**ဥက္ကဋ္ဌ**။ ။ မဟုတ်ဘူး။ အများပြည်သူပါ။

**ဦးကျော်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ ဟုတ်ကဲ့။ ပြင်စရာ မရှိပါဘူး၊ အဲဒီလိုဆိုရင်။

**ဥက္ကဋ္ဌ။** ။ ဒါလည်း အတည်ပြုပြီးသွားပြီ။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် - အခန်း(၅)၊ အပိုဒ် ၁၁

သတင်းမီဒီယာ လုပ်ငန်းလုပ်ကိုင်လိုသူသည် သက်ဆိုင်ရာလုပ်ငန်း အမျိုးအစားအလိုက် သက်ဆိုင်ရာဥပဒေနှင့်အညီ လုပ်ငန်း အသိအမှတ်ပြုလက်မှတ် သို့မဟုတ် လုပ်ငန်းလိုင်စင် ရယူရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

**အချိန်၊ ၁၀း၂၆။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ က သတင်းမူပိုင်ခွင့်နဲ့ မော်ကွန်းဌာနမရှိဘူး ဆိုတာ သိရတဲ့အတွက် ကျွန်တော် ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့က မူပိုင်ခွင့်နဲ့ မော်ကွန်းဌာန ရှိ/မရှိ ကို ပြောတာ မဟုတ်ပါဘူး။ အဓိကကတော့ ဒီဝန်ကြီးဌာနမှာ မှတ်တမ်းတင် စာရင်းပေးသွင်းရုံ သက်သက်ပါပဲ၊ ဒါကြောင့် ဒီဌာနမရှိဘူး ဆိုလို့ရှိရင်လည်း ဒီ သက်ဆိုင်ရာ လုပ်ငန်းအမျိုးအစားအလိုက် ဝန်ကြီးဌာနတွင် မှတ်ပုံတင်စာရင်းပေးသွင်းရန် ဆိုတဲ့ သဘောမျိုး နဲ့သာ အတည်ပြုပြဋ္ဌာန်းသင့်ပါတယ်။ ဒီ ဥပဒေကို ပြင်ဆင်လိုက်တယ်၊ ဥပဒေကြမ်းကော်မတီက ပြင်ဆင်လိုက်တယ်။ သတင်းမီဒီယာလုပ်ငန်း လုပ်ကိုင်လိုသူသည် သက်ဆိုင်ရာ လုပ်ငန်းအမျိုးအစား အလိုက် သက်ဆိုင်ရာ ဥပဒေနဲ့ အညီ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် သို့မဟုတ် လုပ်ငန်းလိုင်စင် ရယူရန်ဆိုတဲ့ စကားဟာ အဓိပ္ပာယ်အများကြီးရှိပါတယ်။ ဘာလို့လဲဆိုလို့ရှိရင် ကျွန်တော်တို့ဟာ လက်ရှိပါလီမန် ဒီမိုကရေစီ စနစ်မှာ ကျွန်တော်တို့ သတင်းမီဒီယာသမားတွေအပေါ်မှာ ကာကွယ်မှု ပေးရမှာပါ။ သတင်းမီဒီယာ သမားဆိုတာက လုပ်ငန်းလိုင်စင်နဲ့ လုပ်တဲ့သူမဟုတ်ပါဘူး။ သူတို့ဟာ လူကောင်းတွေလို့ ကျွန်တော် မဆိုလိုပါဘူး။ သူတို့တွေက သာမန်လူသားတွေ ဖြစ်တဲ့အတွက် အမှားအယွင်းတွေ ဖြစ်ပေါ်နိုင်ပါတယ်။ ဒီ အမှားအယွင်းကို သတင်းမီဒီယာကောင်စီက ထုတ်ပြန်တဲ့ ကျင့်ဝတ်ပိုင်းဆိုင်ရာတွေနဲ့လည်း အရေးယူလို့ ရပါတယ်။ တာဝန်သိမှုတွေနဲ့ ပတ်သက်လို့ တာဝန် မသိတာလည်း အရေးယူလို့ ရပါတယ်။ ပြစ်မှုကြောင်းတွေကိုလည်း သက်ဆိုင်ရာ ရဲစခန်းမှာ အရေးယူ လို့ ရပါတယ်။ တရားမကြောင်းနဲ့လည်း တရားမ အရေးယူလို့ရပါတယ်။ ကျွန်တော်တို့က ဘာ အခွင့်အရေး ပေးရမလဲ ဆိုလို့ရှိရင် ဒီ သတင်းမီဒီယာသမားကို သူ့ရဲ့ Choice ပါ။ သူက သတင်း မီဒီယာသမားအဖြစ် ရပ်တည်ချင်တယ် ဆိုတာလေးကို ကျွန်တော်တို့က မှတ်တမ်းတင်ပေးရုံပါပဲ။

ကျွန်တော် ဥပမာအဖြစ် တင်ပြပါမယ်။ ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံသားအဖြစ် အသိအမှတ်ပြုတဲ့ နိုင်ငံသားကတ် ရှိပါတယ်။ ဘယ်သူမဆို ရာဇဝတ်မှုတွေ ကျူးလွန်ပါတယ်။ ထောင်ကျပါတယ်။ ဒါပေမဲ့ ထောင်ကျပေမယ့် ဒီကတ်ပြားက ဆုံးရှုံးမသွားပါဘူး။ ဒီထောင်က ပြန်ထွက်တာနဲ့ နိုင်ငံသားအဖြစ် အသိအမှတ်ပြု ကတ်ပြားဟာသူဟာအမြဲ သူသေဆုံးသည်ထိအောင် ထာဝရတည်ရှိ နေမှာပါ။ ဒီလိုပါပဲ၊ ကျွန်တော်တို့က သတင်းမီဒီယာသမားဆိုတဲ့ ကတ်ပြားလေးဟာ သူရဲ့ Choice ပါပဲ။ သူ့ရွေးချယ်မှုကို သူ့ကိုကျွန်တော်တို့ ဒါလေးပေးထားရုံပါပဲ။ သူဟာ သူ့ကိုသူ သတင်းမီဒီယာသမားအဖြစ် သတ်မှတ်သေးလို့ရှိရင် ကျွန်တော်တို့က အသိအမှတ်ပြု မှတ်တမ်းတင်ပေးရုံပါပဲ။ ဒါကို ငါလိုလို့ရှိရင် ဒီအချိန်ကာလအတွင်းမှာ သတင်းမီဒီယာသမားအဖြစ် ငါတို့ခွင့်ပြုတယ်။ ဒီကာလ ကျော်လို့ရှိရင်တော့၊ ငါတို့စိတ်တိုင်းမကျရင် ငါတို့ခွင့်မပြုဘူးဆိုတဲ့သဘော ဖြစ်သွားပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ဒါသူရဲ့ တစ်ခြားပြစ်မှုကြောင်းတွေနဲ့ ဟုတ်လား၊ ရာဇဝတ်ကြောင်းတွေ၊ ကျင့်ဝတ်ပိုင်းဆိုင်ရာနဲ့ သတ်သတ်အရေးယူလို့ ရပါတယ်။ သူ့ကို သတင်းမီဒီယာသမားအဖြစ် ကျွန်တော် တို့သတင်းမီဒီယာကောင်စီနဲ့ သက်ဆိုင်ရာ ပြန်ကြားရေးဝန်ကြီးဌာနကနေပြီးတော့ သူ့ရဲ့ ရွေးချယ်မှုကို အသိအမှတ်ပြုပေးရုံ သဘောပါပဲ။ ဒါကြောင့် ဒီဟာက ဥပဒေနဲ့လည်း မဆိုင်ပါဘူး။ ဒီ ဥပဒေနဲ့လည်း ဒီလက်မှတ်ရှိတဲ့သူလည်း ဥပဒေအရ အရေးယူခံရမှာပဲ။ ဒီလက်မှတ်မရှိဘူး၊ လိုင်စင် မရှိဘူးဆိုရင်လည်း ဥပဒေအရအရေးယူခံရမှာပဲ။ ဒါက သတ်သတ်ပါ၊ ကျွန်တော် အဓိပ္ပာယ်က သူ့ရဲ့ ရွေးချယ်မှုကို ဟုတ်လား သတင်းမီဒီယာသမားအဖြစ် သူ့ကိုသူ အသိအမှတ်ပြုမှုကို ကျွန်တော်တို့က နေပြီးတော့ လက်ခံရုံပါပဲ၊ ဒါဟာ အလွန်ကို စဉ်းစားသင့်ပါတယ်။

ကျွန်တော်တို့ နိုင်ငံတကာမှာ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့က ဒီမိုကရေစီစနစ်ကို တည်ဆောက်နေတာပါ။ ဒီမိုကရေစီနိုင်ငံမှာဆိုလို့ရှိရင် ကျွန်တော်တို့က အခုဟာ အသွင်ကူးပြောင်းရေးကာလမို့လို့ပြန်ကြားရေးဝန်ကြီးဌာန ဆိုတာ တည်ရှိရမယ်ဆိုတာ ကျွန်တော်တို့ လက်ခံပါတယ်။ ဒီမိုကရေစီသက်တမ်းကို တဖြည်းဖြည်း ရောက်လာတာနဲ့အမျှ ပြန်ကြားရေးဝန်ကြီးဌာနဆိုတာ တဖြည်းဖြည်း မှေးမှိန်လာပြီးတော့ နိုင်ငံတော် သမ္မတက ဖွဲ့စည်းထားတဲ့ စာနယ်ဇင်းကောင်စီကပဲ အစစအရာရာ ထိန်းချုပ်၊ အစစအရာရာ ကွပ်ကဲကြီးကြပ်သွားရမှာပါ။ ဒီကြီးကြပ်မှုကလည်း သတင်းမီဒီယာနဲ့ ပတ်သက်တဲ့ အပိုင်းပါပဲ၊ သက်ဆိုင်ရာ ပြစ်မှုကြောင်းတွေ၊ ရာဇဝတ်ကြောင်းတွေ၊ တရားမကြောင်းတွေဟာ သူ့သက်ဆိုင်ရာ တရားရုံးက သတင်းမီဒီယာသမားလည်း အလျှော့ပေးမှာ မဟုတ်ပါဘူး။ ဘယ်သူကိုမဆို အလျှော့ပေးလို့ မရပါဘူး။ ဒါတွေက သတ်သတ်လုပ်သွားမှာပါ။ ဒီအပေါ်မှာ ကျွန်တော်တို့ကဘာမှ စိုးရိမ်ကြောင့်ကျ ရှိစရာ မလိုတော့ပါဘူး။ ကျွန်တော်တို့ ခေတ်စနစ်တွေလည်း ပြောင်းပါပြီ။ ၁၉၆၂ ခုနှစ်က ထုတ်ခဲ့တဲ့ ဥပဒေအရလည်း ကျွန်တော်တို့ လိုက်လျောညီထွေဖြစ်ဖို့လည်း ကျွန်တော်တို့ မလိုတော့ပါဘူး။ အဲဒီ ခေတ်ကရှိတဲ့ နိုင်ငံရေးစနစ်နဲ့ လက်ရှိနိုင်ငံရေးစနစ်နဲ့ ကွာခြားသွားပါပြီ၊ ဒါကြောင့် ကျွန်တော်ဟာ ဒီ လုပ်ငန်းလိုင်စင်လုပ်ရမယ်ဆိုတဲ့ အချက်ကတော့ မလုပ်သင့်ပါဘူး။ ဒီ ကျွန်တော်တို့ ဦးလှဆွေ ပြောသလို မော်ကွန်းဌာန မရှိဘူးဆိုလို့ရှိရင်လည်း မှတ်တမ်းတင်လက်မှတ် သူ့ကို ကတ်ပြားလေးတစ်ခု ပေးရုံပါပဲ။ နိုင်ငံသားကတ်ပြားလေးပေးလိုက်ရုံပဲ သဘောမျိုးသာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီ ဥပဒေ ကို ကျွန်တော်က ဒီအတိုင်း မလုပ်ဘဲနဲ့ မူလပြဋ္ဌာန်းချက်အတိုင်း အမျိုးအစားအလိုက် ဝန်ကြီးဌာနတွင် မှတ်တမ်းတင်စာရင်း ပေးသွင်းရုံဆိုတဲ့

အချက်သာ အဓိကပြဋ္ဌာန်းသင့်ပါတယ်ဆိုတဲ့အကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ ဒါကို ဟိုနေ့က ဆွေးနွေးတဲ့အချိန်မှာ ကျွန်တော် နားလည်တာကို ပြောပါ့မယ်။ သူက သတင်းမီဒီယာမှာ ဟို ပထမပိုင်း စကားရပ်အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ ပုံနှိပ်မီဒီယာ၊ ရုပ်/သံ လွှင့်မီဒီယာ၊ အယ်ဒီတာ တာဝန်ယူမှုရှိသော အင်တာနက်မီဒီယာ ဆိုတာတွေ ပါတဲ့အတွက် လုပ်ငန်း အမျိုးအစားအလိုက် ဆိုတဲ့အခါမှာ တချို့နေရာမှာတော့ အသိအမှတ်ပြုလက်မှတ်ပဲ လိုတယ်။ တချို့ နေရာမှာတော့ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ အသံလွှင့်တို့၊ ဆက်သွယ်ရေးကိစ္စတို့ဆိုရင် လုပ်ငန်း လိုင်စင် လိုတယ်ဆိုပြီး ထည့်တာမျိုး ဒါ ဟိုနေ့ကတော့ ဆွေးနွေးတဲ့ကိစ္စ သိပါတယ်။ အဲဒီတော့ ဒါနဲ့ပတ်သက်ပြီးတော့ တခြားဆွေးနွေးချင်တဲ့ ပုဂ္ဂိုလ် ရှိပါသလား။

**အချိန်၊ ၁၀း၃၁။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရေဒီယိုလွှင့်မယ်၊ တီဗွီလွှင့်မယ်ဆိုရင် မှတ်ပုံတင်ရမယ်၊ Channel ရွေးရမယ်။ MHz တွေ ထပ်ကုန်လို့ရှိရင် ရှုပ်ကုန်မယ်။ အဲဒီတော့ မှတ်ပုံက တင်ကိုတင်ရမှာဖြစ်တယ်။ မှတ်ပုံမတင်ဘဲနဲ့၊ လုပ်ငန်းလိုင်စင်အလိုက် ဥပမာ - ရေဒီယို လွှင့်မယ်ဆိုရင် ဆက်သွယ်ရေးဝန်ကြီးဌာနနဲ့ MHz ညှိရမယ်။ တယ်လီဖုန်းတောင်မှ ၄၅၀ MHz နဲ့ ၈၀၀ MHz နဲ့ ဒါ CDMA မှာ ဒီလိုခွဲထားတာသူ့ဟာနဲ့ သူခွဲထားတာ၊ FM ဆိုလည်း သူ Channel နဲ့သူ ကျွန်တော် ခွဲထားတာ၊ ဒါကို သွားပြီးတော့ ကတ်ပြားလေးယူပြီးရပြီ မင်းလွှင့်လို့ရပြီဆို အကုန်လုံး ထပ်ကုန်မှာ၊ ဒါဆိုရင် ဘယ်နည်းနဲ့မှ မဖြစ် နိုင်ဘူး။ ဒါ ကျွန်တော်တို့က ဥပဒေတစ်ခု ထုတ်တယ်ဆိုတာ စိတ်ခံစားချက်နဲ့ ထုတ်လို့မရဘူး။ တိတိကျကျ၊ သလဲသီးလို အကန့်လိုက်၊ အကန့်လိုက်သွားရမှာ ဖြစ်တဲ့အတွက် လုပ်ငန်းအမျိုးအစား အလိုက် သက်ဆိုင်ရာ ဥပဒေနဲ့အညီ အသိအမှတ်ပြုလက်မှတ် သို့မဟုတ် လုပ်ငန်းလိုင်စင် ရယူ ရမည် ဆိုတာ အခု ပြင်ဆင်ထားတဲ့အတိုင်း အင်မတန်သင့်လျော်ပါတယ်လို့ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ ဦးဖုန်းမြင့်အောင် က ခုန သတင်းမီဒီယာလုပ်ငန်း လုပ်ကိုင်လိုသူသည် သက်ဆိုင်ရာ လုပ်ငန်းအမျိုးအစားအလိုက်၊ သက်ဆိုင်ရာ ဥပဒေနှင့်အညီ မှတ်ပုံတင်ရမည်။ ဒီလို လိုချင်တာ ဟုတ်တယ်နော်။ မဲခွဲပေးမယ်လေ။ အဲဒီတော့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက် အခန်း(၅)၊ အပိုဒ်(၁၁) သတင်းမီဒီယာလုပ်ငန်း လုပ်ကိုင်လိုသူသည် သက်ဆိုင်ရာ လုပ်ငန်းအမျိုးအစားအလိုက်၊ သက်ဆိုင်ရာ ဥပဒေနှင့်အညီ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် သို့မဟုတ် လုပ်ငန်းလိုင်စင် ရယူရမည်ဆိုတဲ့ စကားကို ဥပဒေကြမ်း ကော်မတီက အတည်ပြုထားပါတယ်။

ဦးဖုန်းမြင့်အောင် က သတင်းမီဒီယာလုပ်ငန်း လုပ်ကိုင်လိုသူသည် သက်ဆိုင်ရာ လုပ်ငန်း အမျိုးအစားအလိုက်၊ သက်ဆိုင်ရာ ဥပဒေနှင့်အညီ မှတ်ပုံတင်ရမည် လို့ ဒီလိုပြင်ဆင်လို

ပါတယ်။ အဲဒီတော့ အခုလွှတ်တော်ရဲ့ ဆန္ဒရယူပါ့မယ်။ ဆန္ဒရယူတဲ့အခါမှာ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်ကို မူတည်ပြီးတော့ မဲခွဲမှာ ဖြစ်တဲ့အတွက် ထောက်ခံရင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာ ဖြစ်ပါတယ်။ ကန့်ကွက်မဲများရင် ဦးဖုန်းမြင့်အောင် ရဲ့ အဆိုပြုချက် အတိုင်း အတည်ပြုမှာ ဖြစ်ပါတယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲ ပေးနိုင်ကြပါပြီ။ ထောက်ခံ(၁၇၂)၊ ကန့်ကွက်(၁၅)၊ ကြားနေ(၅)မဲ ဖြစ်ပါတယ်။

ထောက်ခံဆန္ဒမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်း အခန်း(၅)၊ အပိုဒ်(၁၁) သတင်းမီဒီယာ လုပ်ငန်းလုပ်ကိုင်လိုသူသည် သက်ဆိုင်ရာလုပ်ငန်း အမျိုးအစား အလိုက် သက်ဆိုင်ရာ ဥပဒေနှင့်အညီ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် သို့မဟုတ် လုပ်ငန်းလိုင်စင် ရယူ ရမည် ဆိုတဲ့ ပြင်ဆင်ချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၅)၊ အပိုဒ် ၁၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၆)၊ အပိုဒ် ၁၂

ကောင်စီသည် စာနယ်ဇင်းသမားများနှင့် စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ လွတ်လပ်စွာ ဆောင်ရွက်နိုင်သည့် တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်သည် ဟု ပြင်ဆင်ထား ပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၂ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၇)၊ အပိုဒ် ၁၉(ခ)(ဂ)

၁၉။ ကောင်စီသည် မိမိလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အောက်ပါရငွေများဖြင့် ရန်ပုံငွေ ထူထောင်ရမည် -

(ခ) ပြည်တွင်း၊ ပြည်ပ စေတနာရှင်များ၏ စေတနာအလျောက် လှူဒါန်းငွေများ၊

(ဂ) နိုင်ငံတကာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့ အစည်းများက စေတနာ အလျောက် ထောက်ပံ့ကူညီမှုများ ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၇)၊ အပိုဒ် ၁၉(ခ)(ဂ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇)၊ အပိုဒ် ၁၉(ခ)(ဂ) သည် ဤဥပဒေကြမ်း ၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၈)၊ အပိုဒ် ၂၁

နစ်နာသော ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် သတင်း မီဒီယာသမား တစ်ဦးက ပုဒ်မ ၈၊ ပုဒ်မခွဲ(က)တွင် ပြဋ္ဌာန်းထားသည့် တာဝန်နှင့် ကျင့်ဝတ်သိက္ခာတစ်ရပ်ရပ်ကို ချိုးဖောက် ကြောင်း ယူဆလျှင် ရှေးဦးစွာ ကောင်စီသို့ တိုင်ကြားနိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၈)၊ အပိုဒ် ၂၁ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၈)၊ အပိုဒ် ၂၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျေးဇူးပြုပြီးတော့ သဘောမတူတဲ့သူ ရှိပါသလားဆိုရင် သဘောမတူတာ မဟုတ်လို့ရှိရင် အသံမပြုပါနဲ့၊ ခုံခေါက်တာတို့၊ ချောင်းဆိုးတာတို့ပေါ့၊ နောက် ဥက္ကဋ္ဌဖတ်ရင်လည်း သေချာနားထောင်ပါ။ စောစောကလို အများပြည်သူဆိုတာ မကြားလိုက်တာမျိုး မဖြစ်အောင်ပေါ့၊

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၁၀)၊ အပိုဒ် ၃၅(ခ)

၃၃။ (ခ) အဆိုပါ သတ်မှတ်ထားသော သက်တမ်းကုန်ဆုံးပြီး ဆက်လက်၍ လုပ်ငန်းလုပ်ကိုင်လိုပါက ဤဥပဒေအရ လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုချက်ရရှိမှသာ လုပ်ငန်းတစ်ခုခုကို သတ်မှတ်သည့် နည်းလမ်းအတိုင်း ဆက်လက်၍ လုပ်ကိုင်ခြင်း၊ သက်တမ်းတိုးခြင်း၊ ဝန်ကြီးဌာနသို့ စာရင်းတင်သွင်းခြင်းတို့ ပြုလုပ်ခွင့်ရှိသည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၀)၊ အပိုဒ် ၃၅(ခ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၀)၊ အပိုဒ် ၃၃(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၃၅ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၃၅ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ခုန မူလ ဥပဒေကြမ်း အပိုဒ် ၃၆ နဲ့ ပတ်သက်ပြီး ဘယ်လိုဆောင်ရွက်မလဲ။

**အချိန်၊ ၁၀း၄၀။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၄)**။ ။ ၁၉၆၂ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ခြင်းဥပဒေဟာ ပုံနှိပ်ခြင်းနဲ့ထုတ်ဝေခြင်းဥပဒေအရ ရုပ်သိမ်းပြီး ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အပိုဒ် ၃၆ က ပယ်ဖျက်ရပါမယ်ခင်ဗျာ။ အဲဒီတော့ ပြင်ဆင်အတည်ပြု ထားတဲ့ ပုဒ်မ ၃၄ ကို ပယ်ဖျက်ပေးဖို့ ဥက္ကဋ္ဌကြီးကို တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မူလဥပဒေကြမ်း အပိုဒ်၃၆၊ ၁၉၆၂ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပြန်ခဲ့သည့် လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်ကို ကန့်သတ်တားမြစ်သော အမိန့်များ၊ ညွှန်ကြားချက်များ၊ အမှာစာများနှင့် ထုတ်ပြန်ချက်များသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်သမျှ ပျက်ပြယ်သည် ဟု မှတ်ယူရမည် ဆိုတဲ့ အပိုဒ်ဟာ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းဆိုင်ရာ ဥပဒေမှာ ပယ်ဖျက်ပြီးသား ဖြစ်တဲ့အတွက် ဒီဥပဒေကြမ်းအပိုဒ်၃၄ကို ပယ်ဖျက်ဖို့ ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်ပြောပါ။

သဘောမတူလျှင် မတူဘူး ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အတည်ပြုထားတဲ့ အပိုဒ်၃၄ကို ပယ်ဖျက်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခု အဆိုမှာ ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)က သတင်းမီဒီယာ ဥပဒေကြမ်းကို အတည်ပြုရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ(က)အရ သတင်းမီဒီယာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် က အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုထားသော သတင်းမီဒီယာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ သတင်းမီဒီယာ ဥပဒေကြမ်းကို အတည်ပြုပေးပါရန် အဆိုအဖြစ် တင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် တင်သွင်းသော သတင်းမီဒီယာဥပဒေကြမ်းကို အတည်ပြုရန် အဆို တင်သွင်းခြင်းနဲ့ ပတ်သက်ပြီး ကျွန်မ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည်မှ ထောက်ခံပါတယ်ရှင်။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက သတင်းမီဒီယာဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ သတင်းမီဒီယာ ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် သတင်းမီဒီယာ ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့် အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က အမျိုးသားလွှတ်တော်တွင် ဆောင်ရွက်ဆဲဖြစ်သည့် ကြန့်ကြာနေသော တရားမကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆိုင်းငံ့ထားရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်တွင် ဆောင်ရွက်ဆဲ ဖြစ်သည့် ကြန့်ကြာ နေသော တရားမကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆိုင်းငံ့ထားရန် ဥပဒေကြမ်းကော်မတီက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။ အဆို တင်သွင်းတဲ့အခါမှာ ဆိုင်းငံ့ထားဖို့ သက်သက်မဟုတ်ဘဲနဲ့ ဆိုင်းငံ့ထားသင့် ကြောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန်ဆိုပြီး တစ်ခါတည်း တင်သွင်းပါ။

**အချိန်၊ ၁၀း၄၅။**

**ဦးအောင်ကြည်ညွန့် (ဥပဒေကြမ်းကော်မတီဝင်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး နှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်က မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တင်သွင်းတဲ့ တရားမ ကျင့်ထုံး ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအား ဆိုင်းငံ့ထားရန်သင့်ကြောင်း အဆို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၁/အမ(ကော်မတီ) ၁/၂၀၁၃(၁၅၂)
ရက်စွဲ ၊ ၂၀၁၃ ခုနှစ်၊ သြဂုတ်လ ၂၈ ရက်

သို့

ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

အကြောင်းအရာ။ ။ အမျိုးသားလွှတ်တော်တွင် ဆောင်ရွက်ဆဲဖြစ်သည့် ကြန့်ကြာနေသော တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆိုင်းငံ့ ထားရန်သင့်ကြောင်း အဆို တင်သွင်းခြင်း

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြုစုရေးဆွဲတဲ့ တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာပြီး ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ၁၈-၁-၂၀၁၃ ရက်နေ့ အစည်းအဝေးတွင်

ပြင်ဆင်ချက်မရှိ သဘောတူပြီး ၂၁-၁-၂၀၁၃ ရက်နေ့၌ အမျိုးသားလွှတ်တော်တွင် ဆက်လက် ဆွေးနွေးရန် ပေးပို့လာပါသည်။

၂။ တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီတွင် ၉-၇-၂၀၁၃ ရက်နေ့ နှင့် ၁၇-၇-၂၀၁၃ ရက်နေ့များ၌ ညှိနှိုင်းဆွေးနွေး ရာတွင် The High Court ဆိုသည့် စကားရပ်ကို The Supreme Court of the Union ဟု လည်းကောင်း၊ The Supreme Court of the Union, The High Court of the region (or) The High Court of the state ဟု လည်းကောင်း၊ The High Court of the region (or) The High Court of the state ဟုလည်းကောင်း စသည်ဖြင့် အစားထိုးထားခြင်းများနှင့် ငွေကြေးပမာဏများ၊ အချို့သော စကားရပ်များ အစားထိုးခြင်းတို့ကို ညှိနှိုင်းသဘောတူညီချက် ရရှိခဲ့ကြပါတယ်။

၃။ သို့ရာတွင် တည်ဆဲ တရားမကျင့်ထုံးဥပဒေပါ ပုဒ်မများတွင် President of the Union ဆိုသည့် စကားရပ်များ အများအပြားပါရှိသည်ကို တွေ့ရှိရပါသည်။ အကြမ်းအားဖြင့် စိစစ်ရာတွင် ပုဒ်မ ၂၊ ပုဒ်မခွဲ ၅၊၇ ၊ ပုဒ်မ၅၊ ပုဒ်မ၂၉၊ ပုဒ်မ၅၅၊ ပုဒ်မခွဲ (၁)နှင့် ပုဒ်မ၅၇၊ ပုဒ်မ၅၉၊ ပုဒ်မခွဲ(၃)(က)၊ ပုဒ်မ၆၀၊ ပုဒ်မခွဲ(၁)(ဆ)(ဋ)၊ ပုဒ်မ ၆၁၊ ၆၇၊ ၆၈၊ ပုဒ်မ ၇၀၊ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၈၃၊ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၈၄၊၈၆၊ ပုဒ်မ ၉၂၊ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၉၃၊ ပုဒ်မ၁၂၃၊ ပုဒ်မခွဲ(၃)(င)၊ ပုဒ်မ၁၂၆ အစားထိုးပြီး၊ ပုဒ်မ ၁၃၃၊ ပုဒ်မ၁၃၇ အစားထိုးပြီး၊ ပုဒ်မ ၁၃၉နှင့် ပုဒ်မ ၁၄၃ တို့တွင် President of the Union ဆိုသည့် စကားရပ်များ ပါရှိသည်ကို တွေ့ရှိရပါသည်။

၄။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဥပဒေပြုအာဏာ၊ အုပ်ချုပ်မှုအာဏာနှင့် တရားစီရင်ရေး အာဏာ ခက်မ(၃)ဖြာကို သီးခြားစီခွဲ၍ အပ်နှင်းထားသော် လည်း တည်ဆဲ တရားမကျင့်ထုံးဥပဒေတွင် President of the Union ဆိုသည့် စကားရပ်များကို စိစစ်ရာ အုပ်ချုပ်ရေးပိုင်းနှင့် တရားစီရင်ရေး ပိုင်းတို့ ပါရှိနေသည်ကို တွေ့ရှိရပါသည်။

၅။ သို့ဖြစ်၍ တရားမကျင့်ထုံးဥပဒေတွင် ပါရှိသော President of the Union ဆိုသည့် စကားရပ်များကို မည်သည့်ဌာနအဖွဲ့အစည်းဖြင့် အစားထိုးသင့်သည်ကို ယခု ဥပဒေကြမ်း တင်သွင်း သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့်လည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတွင်လည်းကောင်း ညှိနှိုင်းပြီး ထပ်မံစိစစ် ပြင်ဆင်ဖြည့်စွက်ထားသည့် တရားမကျင့်ထုံး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီသို့ ပြန်လည်ပေးပို့ရေးအတွက် ဆက်သွယ်ဆောင်ရွက်ရန် ပြည်ထောင်စုတရားလွှတ်တော် သို့လည်း အကြောင်းကြားပြီး ဖြစ်ပါသည်။

၆။ သို့ရာတွင် ပြည်ထောင်စုတရားလွှတ်တော်မှ လိုအပ်သော သဘောထားမှတ်ချက်များနှင့် အတူ တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြန်လည်ပေးပို့လာခြင်း မရှိပါသဖြင့် အမျိုးသားလွှတ်တော်မှ အဆိုပါ ဥပဒေကြမ်းကို ဆိုင်းငံ့ထားရန်သင့်ကြောင်း အဆိုတင်သွင်းအပ် ပါတယ်။ ကျေးဇူးတင်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ ပြည်ထောင်စုလွှတ်တော်ကိုလည်း တစ်ခါတည်း ကျွန်တော် ဆက်လက်တင်သွင်း သွားမှာဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် ပုဂ္ဂိုလ်ရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဦးဆွန်ဒုတ်ကျှင့်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးအောင်ကြည်ညွန့် အဆို တင်သွင်းတဲ့ တရားမကျင့်ထုံးဥပဒေကို ခေတ္တဆိုင်းငံ့ထားရန် တင်သွင်းတဲ့ အဆိုကို ကျွန်တော် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆွန်ဒုတ်ကျှင့် မှ ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ တရားမ ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ဆိုင်းငံ့ထားရန်နှင့် ထိုသို့ ဆိုင်းငံ့ထားသင့်ကြောင်း ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်တင်ပြရန်အဆိုကို လွှတ်တော်ရဲ့ သဘောထားရယူပါ့မယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် တရားမကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆိုင်းငံ့ထားမည် ဖြစ်ပြီး ထိုသို့ ဆိုင်းငံ့သင့်ကြောင်း ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်တင်ပြမည်ဖြစ်ကြောင်း ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က အမျိုးသားလွှတ်တော်တွင် ဆောင်ရွက်ဆဲဖြစ်သည့် ကြန့်ကြာနေသော ရာဇဝတ်ကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆိုင်းငံ့ထားရန် အဆို တင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်တွင် ဆောင်ရွက်ဆဲဖြစ်သည့် ကြန့်ကြာနေသော ရာဇဝတ်ကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆိုင်းငံ့ထားရန် ဥပဒေကြမ်းကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဦးတင်မြ (ဥပဒေကြမ်းကော်မတီဝင်)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊

ဧည့်သည်တော်များ အားလုံးမင်္ဂလာပါလို့ ရှေးဦးပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဥပဒေကြမ်းပူးပေါင်းကော်မတီအဖွဲ့ဝင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မြ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော်တွင် ဆောင်ရွက်ဆဲဖြစ်တဲ့ ကြန့်ကြာနေသော ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းကို ဆိုင်းငံ့ထားသင့်ကြောင်း အဆိုတင်သွင်းမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၃-၁၅၁၊
ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက် ၊

သို့

ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်၊

အကြောင်းအရာ။ ။ အမျိုးသားလွှတ်တော်တွင် ဆောင်ရွက်ဆဲဖြစ်သည့် ကြန့်ကြာနေသော ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆိုင်းငံ့ထားသင့်ကြောင်း အဆို တင်သွင်းခြင်း

၁။ ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ ပြုစုရေးဆွဲသည့် ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာပြီး အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးရန် ၆-၇-၂၀၁၂ ရက်နေ့တွင် လက်ခံရရှိခဲ့ပါသည်။

၂။ ယင်းဥပဒေကြမ်းကို ၃၁-၇-၂၀၁၂ ရက်နေ့၊ ၁၄-၈-၂၀၁၂ ရက်နေ့၊ ၄-၇-၂၀၁၃ ရက်နေ့နဲ့ ၁၇-၇-၂၀၁၃ ရက်နေ့များတွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီနဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကျဉ်းဦးစီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အကြိမ်ကြိမ်ဆွေးနွေးခဲ့ပြီး လိုအပ်ချက်များ တောင်းခံခဲ့သော်လည်း တိတိကျကျ မရရှိသေးပါ။

၃။ ရာဇဝတ်ကျင့်ထုံးဥပဒေမှာ ၁၈၉၈ ခုနှစ်က ပြဋ္ဌာန်းခြင်းဖြစ်ပြီး တရားစီရင်ရေးသက်သက်အတွက် ပြဋ္ဌာန်းထားခြင်း မဟုတ်ဘဲ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအတွက် ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။ ထိုအချိန်က အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကို အုပ်ချုပ်ရေးအရာရှိက တာဝန်ယူဆောင်ရွက်နေရသည့်ကာလ ဖြစ်ပါသည်။

၄။ ရာဇဝတ်ကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် ပုဒ်မပေါင်း (၁၀၀)ခန့်၌ ပါရှိသော District Magistrate ခရိုင်ရာဇဝတ်တရားသူကြီးနှင့် Sub Divisional Magistrate နယ်ပိုင်ရာဇဝတ် တရားသူကြီးဆိုတဲ့ စကားရပ်များကို District Judge ခရိုင်တရားသူကြီး၊ Township Judge မြို့နယ်တရားသူကြီးနှင့် Divisional Township Judge တွဲဖက်မြို့နယ် တရားသူကြီး

များကိုသာ အစားထိုးထားခြင်းမှာ အုပ်ချုပ်ရေးအာဏာများကိုပါ တရားစီရင်ရေး အာဏာသက်သက် ရယူထားခြင်းမှာ သင့်၊ မသင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် မှ တာဝန်ရှိသူများနှင့် ညှိနှိုင်း ဆွေးနွေးခဲ့ပါသည်။

ဥပမာအားဖြင့် -

(က) ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၄၄ ပါ District Magistrate နဲ့ Sub Divisional Magistrate က တရားဥပဒေစိုးမိုးရေးနဲ့ စည်းကမ်းသေဝပ်တည်ငြိမ်ရေး ပျက်ပြား စေမည့် လုပ်ရပ်များကို တားမြစ်သည့်အမိန့် ထုတ်ပြန်ပိုင်ခွင့်

(ခ) ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၃၃ နဲ့ ၁၄၃ တို့ပါ District Magistrate နဲ့ Sub Divisional Magistrate တို့က အများပြည်သူ စိတ်ငြိုငြင်စေမည့်နှောင့်ယှက်မှု ထပ်မံမပြု လုပ်ရန် တားမြစ်သည့် ထုတ်ပြန်ခွင့်အမိန့်၊

(ဂ) ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၄၅၊ ၁၄၆ နဲ့ ၁၄၇ တို့ပါ District Magistrate နဲ့ Sub Divisional Magistrate တို့က မရွှေ့ပြောင်းနိုင်သော ပစ္စည်းနဲ့ စပ်လျဉ်း၍ အကြောင်းရှိပါက ဝင်ထွက်သွားလာခြင်း မပြုရန် တားမြစ်မိန့် ထုတ်ပြန်ခွင့်၊

(ဃ) ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၀၇၊ ၁၀၈၊ ၁၀၉ နဲ့ ၁၁၀ တို့ပါ District Magistrate နဲ့ Sub Divisional Magistrate တို့က ပြစ်မှုကျူးလွန်သူအား တရားရုံးတွင် ရဲက တရားစွဲဆို မည့်ကိစ္စကို စိစစ်၍ ခွင့်ပြုခြင်း လိုအပ်သလို ညွှန်ကြားခြင်းကိစ္စ၊

(င) ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၃၃၇ တွင် ယခင် District Magistrate အစား ပြည်ထောင်စု ရှေ့နေချုပ် ဥပဒေအရ လည်းကောင်း၊ Sub Divisional Magistrate နဲ့ ပထမတန်း အာဏာရ ရာဇဝတ်တရားသူကြီးတို့က ပြစ်မှုကျူးလွန်ရာ၌ ပါဝင်သူ တစ်ဦးဦးက အဖြစ်မှန် ထွက်ဆိုပါမည် ဟူသော ဝန်ခံချက်ဖြင့် ရဲတပ်ဖွဲ့က စစ်ဆေးနေသည့် ကာလတွင် လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း၊ တစ်နည်းအားဖြင့် ဖော်ကောင် ပြုလုပ်ခြင်း၊

(စ) ရာဇဝတ်ကျင့်ထုံးပုဒ်မ ၉၅ နဲ့ ၉၆ တို့ပါ District Magistrate နဲ့ Sub Divisional Magistrate တို့က စာတိုက်၊ ကြေးနန်းရုံစာ၊ ကြေးနန်းစာချောထုပ်တို့ကို ပြစ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးမှုအတွက် လိုအပ်ကြောင်း ရဲက တင်ပြလာပါက ယင်းတို့ကို ရှာဖွေသိမ်းဆည်းရန် ဝရမ်းထုတ်ပေးခြင်း၊

(ဆ) ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၆၂ ပါ ရဲစခန်းမှူးက ပြစ်မှုများကို စုံးစမ်းစစ်ဆေးမှုနဲ့ စပ်လျဉ်း၍ ဝရမ်းမပါဘဲ ဖမ်းဆီးခြင်းနဲ့ ထိုသူတို့အား အာမခံပေးခြင်း၊ မပေးခြင်း များကို District Magistrate ထံ တင်ပြအစီရင်ခံခြင်း၊

(ဇ) ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၂၄ ပါ ရဲက ဖမ်းဆီးသော ပိုင်ရှင်မဲ့ပစ္စည်းကို ပိုင်ရှင်က လာရောက်တောင်းဆိုခြင်း မရှိသည့်ကိစ္စ၌ District Magistrate နဲ့ Sub Divisional Magistrate တို့က လိုအပ်သလို စီမံခန့်ခွဲခြင်း။

၅။ အဆိုပါ ပုဒ်မများပါ District Magistrate နဲ့ Sub Divisional Magistrate စကားရပ်များကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အစည်းအဝေးတွင် ဆွေးနွေးသည့်အတိုင်း လက်ခံသင့်ကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးက တာဝန်ရှိသူများက အစည်းအဝေးတွင် ပြောကြား သော်လည်း မည်သည့်ပုဒ်မများပါ District Magistrate နဲ့ Sub Divisional Magistrate စကားရပ်များကို မည်သည့်ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်များဖြင့် အစားထိုးသင့်ကြောင်း မပါရှိပါ။

၆။ ရာဇဝတ်ကျင့်ထုံးဥပဒေတွင် District Magistrate နဲ့ Sub Divisional Magistrate စကားရပ်များပါသော ပုဒ်မပေါင်း ၁၃၃ ခုရှိသော်လည်း ပြင်ဆင်သည့်ဥပဒေကြမ်းတွင် ပုဒ်မပေါင်း ၁၀၀ ခန့်သာ အစားထိုးထားသည်ကို စိစစ်တွေ့ရှိရပါသည်။

၇။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဥပဒေပြုအာဏာ၊ အုပ်ချုပ်မှုအာဏာနှင့် တရားစီရင်ရေးအာဏာ ခက်မသုံးဖြာကို သီးခြားစီခွဲ၍ အပ်နှင်းထားသော်လည်း တည်ဆဲရာဇဝတ်ကျင့်ထုံးဥပဒေတွင် The Supreme Court of the Union ဆိုသည့် စကားရပ်ပေါင်း(၉၀)ခန့်ပါရှိသည်ကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် ပုဒ်မပေါင်း ၄၅ ခုခန့်၌ The Supreme Court of the Union ဆိုသည့် စကားရပ်ကိုပင် ပြန်လည်သုံးနှုန်းထားသည်ကို တွေ့ရပါသည်။

၈။ ရာဇဝတ်ကျင့်ထုံး ဥပဒေတွင် ပါရှိသော The Supreme Court of the Union ဆိုသည့် စကားရပ်များနှင့် စပ်လျဉ်း၍ စိစစ်ရာ အုပ်ချုပ်ရေးပိုင်းနှင့် တရားစီရင်ရေးပိုင်းတို့ ပါရှိနေသည်ကို တွေ့ရှိရပါသည်။

၉။ သို့ဖြစ်၍ ရာဇဝတ်ကျင့်ထုံးဥပဒေတွင်ပါရှိသော District Magistrate နဲ့ Sub Divisional Magistrate ဆိုသည့် စကားရပ်များကိုလည်းကောင်း၊ The Supreme Court of the Union ဆိုသည့် စကားရပ်များကိုလည်းကောင်း၊ မည်သည့်ဌာန၊ မည်သည့်အဖွဲ့အစည်း အစားထိုးသင့်သည်ကို ယခု ဥပဒေကြမ်းတင်သွင်းသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သက်ဆိုင်ရာ ပြည်ထဲရေး ဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာ ဦးစီးဌာနများနဲ့လည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့လည်းကောင်း ဆက်သွယ်ညှိနှိုင်းပြီး ထပ်မံစိစစ်၊ ပြင်ဆင်ဖြည့်စွက်ထားသည့် ရာဇဝတ်ကျင့်ထုံးဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသို့ ပြန်လည်ပေးပို့ရေးအတွက် ဆက်သွယ်ဆောင်ရွက်ရန် လွှတ်တော်ရုံးကလည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အကြောင်းကြားထားခဲ့ပြီး ဖြစ်ပါသည်။

၁၀။ သို့ရာတွင် အဆိုပါဥပဒေကြမ်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ လိုအပ်သော သဘောထားမှတ်ချက်များနဲ့အတူ ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြန်လည်ပေးပို့လာခြင်း မရှိသေးပါသဖြင့် အမျိုးသားလွှတ်တော်မှ အဆိုပါ ဥပဒေကြမ်းကို ဆိုင်းငံ့ထားသင့်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်သွင်းအပ်ပါတယ်။ ဆိုင်းငံ့ထားလို့ ဆောင်ရွက်ပြီး ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်ပေးပို့နိုင်ရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ထပ်ဆင့်တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၁:၀၀။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူ ရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဦးဆွန်ဒုတ်ကျင့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်တွင် ဆောင်ရွက်ဆဲဖြစ်တဲ့ ကြန့်ကြာနေသော ရာဇဝတ်ကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆိုင်းငံ့ထားရန် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဦးတင်မြ ရဲ့ တင်ပြချက်ကို ကျွန်တော် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆွန်ဒုတ်ကျင့် မှ ထောက်ခံပါကြောင်းနှင့် ယင်းသို့ ဆိုင်းငံ့ထားကြောင်းကို ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်တင်ပြပေးပါရန် ထောက်ခံတင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၁း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရာဇဝတ်ကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ဆိုင်းငံ့ထားရန်နှင့် ထိုသို့ ဆိုင်းငံ့ခြင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန်အဆိုကို လွှတ်တော်ရဲ့ သဘောဆန္ဒ ရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ရာဇဝတ်ကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆိုင်းငံ့ထားမည်ဖြစ်ပြီး ယင်းသို့ဆောင်ရွက်ကြောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန်ဆုံးဖြတ်ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၂။**

**ဦးစိုင်းကျော်ဇော်သန်း (အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာ၀န်ခံချက်များ စိစစ်ရေး ကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များခင်ဗျား။ ၂၆-၈-၂၀၁၃ ရက်နေ့ ပထမအကြိမ် အမျိုးသား လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့မှာ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာ၀န်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသား လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှ မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများ၊ အဆိုများ၊ ကြယ်ပွင့်မပြ မေးခွန်းများ ပထမပုံမှန်မှ ပဥ္စမပုံမှန်အထိ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန်၊ ကြယ်ပွင့်ပြမေးခွန်းများ၊ အဆိုများ စာရင်းချုပ်နှင့် ပထမပုံမှန်မှ စတုတ္ထပုံမှန်အထိ ဆောင်ရွက်ဆဲ ကြယ်ပွင့်မပြ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို သဘောတူလက်ခံရန် ကျွန်တော် ကော်မတီအဖွဲ့၀င် ဦးစိုင်းကျော်ဇော်သန်း မှ အမျိုးသားလွှတ်တော် သို့ အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာ၀န်ခံချက်များ စိစစ်ရေး ကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုဖို့အတွက် လွှတ်တော်ရဲ့သဘောဆန္ဒရယူပါမယ်။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာ၀န်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဧရာ၀တီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ ကိုးတဲ ကျေးရွာအုပ်စု၊ ကျောင်းစု ရွာမှ ဒေါ်မစန်း၏ အမှုကိစ္စနှင့်ဆက်စပ်၍ ကွင်းဆင်းစစ်ဆေးတင်ပြချက် အစီရင်ခံစာပါ အကြံပြုချက်များအပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြန်လည်ဆွေးနွေးခြင်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဧရာ၀တီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ ကိုးတဲကျေးရွာအုပ်စု၊ ကျောင်းစုရွာမှ ဒေါ်မစန်း ၏ အမှုကိစ္စနှင့် ဆက်စပ်၍ ကွင်းဆင်းစစ်ဆေးတင်ပြချက် အစီရင်ခံစာပါ အကြံပြုချက်များအပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြန်လည်ဆွေးနွေးခြင်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်းနှင့် အဆိုကို အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၃။**

**ဦးတင်ယု (ဥပဒေကြမ်းကော်မတီဝင်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တရားလွှတ်တော်ချုပ်တရားသူကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးတင်ယု ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ် ကျောင်းစုရွာမှ ဒေါ်မစန်း ၏ အမှုကိစ္စနှင့် ဆက်စပ်၍ လွှတ်တော်ကော်မတီ၏ ကွင်းဆင်းစစ်ဆေး တင်ပြချက် အစီရင်ခံစာပါ အကြံပြုချက်များအပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ပြန်လည် ဆွေးနွေးခြင်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာအား ကော်မတီဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ ကော်မတီကိုယ်စား ကျွန်တော်ဖတ်ကြား တင်သွင်းသွားမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနု ရဲ့ တင်ပြချက်အရ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ ကျောင်းစုရွာနေ ဒေါ်မစန်း ၏ အမှုကို ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာ ဆိုင်ရာကော်မတီက ကွင်းဆင်းစစ်ဆေးပြီးတော့ အခြေအနေမှန်ကို ပြန်လည်တင်ပြပေးရန် အမျိုးသား လွှတ်တော် ဥက္ကဋ္ဌက တာဝန်ပေးအပ်သဖြင့် ကော်မတီက ကွင်းဆင်းစစ်ဆေးပြီး အမျိုးသားလွှတ်တော် သို့ ၇-၆-၂၀၁၃ ရက်နေ့တွင် အစီရင်ခံစာကို လည်းကောင်း၊ ယင်းအစီရင်ခံစာနှင့် ဆက်စပ်သော အဆို တစ်ရပ်ကိုလည်းကောင်း တင်ပြခဲ့ပါတယ်။ ယင်းအဆိုနှင့်ပတ်သက်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ကိုယ်စား တရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့် ရဲ့ အမျိုးသားလွှတ်တော်မှာ ရှင်းလင်း ဖြေကြားချက်မှာ ဥပဒေဆိုင်ရာ အချက်အလက်များပါသဖြင့် တစ်ထိုင်တည်း ဆုံးဖြတ်မည့်အစား ဥပဒေရေးရာ၌ အတွေ့အကြုံ ပြည့်စုံသော ပုဂ္ဂိုလ်များ အပါအဝင် ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ တို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီတို့က ပြန်လည်လေ့လာစိစစ်ပြီးမှသာ ဆက်လက် ဆောင်ရွက်ရန် ညွှန်ကြားခဲ့သဖြင့် ယခုကဲ့သို့ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်ပြ ရခြင်း ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကော်မတီရဲ့ လေ့လာတွေ့ရှိချက်များအနေနဲ့ တင်ပြရမယ်ဆိုလျှင် ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီရဲ့ အဆိုကိုလေ့လာရာတွင် အောက်ပါ အဓိကအချက်များပါရှိကြောင်း တွေ့ရှိရပါတယ်-

(က) ဒေါ်မစန်း ရဲ့ နစ်နာဆုံးရှုံးမှုများမှာ ဥပဒေ၏ အကာအကွယ်ကို မှန်ကန်စွာ မရရှိခဲ့ ခြင်းကြောင့် ဟူသောအချက်လည်း ပေါ်လွင်နေပါသဖြင့် ပြည်ထောင်စုတရား လွှတ်တော်ချုပ် အနေဖြင့် ဥပဒေနည်းလမ်းအရ ပြန်လည်ကုစားပေးနိုင်ပါရန် ဝါယမ စိုက်ထုတ် စီစဉ်ဆောင်ရွက်သင့်ပါကြောင်း၊

(ခ) မူလရုံးမှအစ တရားရုံးအဆင့်ဆင့်သည် မကျေနပ်လျှင် အထက်ရုံးသို့ အယူခံ/ ပြင်ဆင် တက်ရောက်နိုင်သည် ဟူသော အတွေးဖြင့် တာဝန်ယူမှုအားနည်းသော

ဆုံးဖြတ်ချက်များကြောင့် ပြည်သူများ နစ်နာကြရသည်ကို အလေးအနက်ပြုစေလိုကြောင်း၊

(ဂ) ပြည်ထောင်စုတရားလွှတ်တော်ချုပ် အနေဖြင့် မိမိလက်အောက်ခံ တရားရုံးများရဲ့ ဆောင်ရွက်ချက်များဟာ လုပ်ထုံးလုပ်နည်း အစီအစဉ် မှန်ကန်သည် ဆိုကာမျှဖြင့် ရပ်တည် ကာကွယ်နေခြင်းထက် လုပ်ထုံးလုပ်နည်းပါ ဥပဒေအနှစ်သာရများအတိုင်း လိုက်နာဆောင်ရွက်ခဲ့ခြင်း ရှိသည်/မရှိသည်ကို အလေးအနက်ထား စိစစ်ခြင်း၊ အချိန်မီ ထိန်းကျောင်းတည့်မတ် လမ်းညွှန်ခြင်းတို့ကို နှောင့်နှေးမှုမရှိစေဘဲ ဆောင်ရွက်သင့်ပါကြောင်း၊

(ဃ) တရားသူကြီးများရဲ့ အရည်အသွေး တိုးတက်စေရေး စီမံဆောင်ရွက်ခြင်း၊ အရည်အချင်း အလိုက် စီမံဆောင်ရွက်ရေးနည်းလမ်းများအား ဆုပေး၊ ဒဏ်ပေးစနစ် အကောင် အထည်ဖော် ဆောင်ရွက်ရေး အလေးထားဆောင်ရွက်သင့်ပါကြောင်း၊

(င) ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် ပြည်သူတို့၏ နစ်နာမှု တိုင်ကြားချက် များကို အလေးထားပြီး စာနာထောက်ထားကာ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက် ခြင်းဖြင့် ကုစားမရနိုင်လောက်အောင် ဆုံးရှုံးနစ်နာမှုများ မပေါ်ပေါက်ရေးအတွက် ကာကွယ် တားဆီးသင့်ပါကြောင်း၊

(စ) တရားရုံးများသည် အမှန်တရားကို ဖော်ထုတ်ပေးသော ရုံးဌာန၊ တရားမျှတမှုကို ဖော်ဆောင်ပေးသော ရုံးဌာနဖြစ်ကြောင်းကို တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံး က လက်ခံယုံကြည်အားကိုးလာအောင် ဆောင်ရွက်သင့်ပါကြောင်း၊

(ဆ) တရားသူကြီးများအနေဖြင့်လည်း အကျင့်သီလပြည့်စုံသော၊ အမှန်တရားကို စောင့်သိ သော၊ ကောင်းသောပညာလည်းရှိသော၊ ချစ်ခင်နှစ်သက်ဖွယ်စကားကို ဆိုအပ်သော၊ ရှုံးခြင်းနိုင်ခြင်းကို သိတတ်သော တရားသူကြီး အင်္ဂါ(၅)ပါးနှင့် ပြည့်စုံသည့် တရားသူကြီး များဖြစ်ရန် လိုအပ်မည် ဖြစ်ပါကြောင်း၊

(ဇ) တရားရုံးအမှုများနှင့် ပတ်သက်၍ တရားစီရင်ရေး 'မူ'များအတိုင်း ဥပဒေနှင့်အညီ တရားစီရင်ရေး အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး တို့ကို အထူးအလေးထား လုပ်ဆောင်သင့်ပါကြောင်းဆိုပြီးတော့ အဆိုအရ ကျွန်တော်တို့ တိုင်ကြားစာကော်မတီ က တင်ပြခဲ့ပါတယ်။

ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ တင်သွင်းသော အဆိုဦးပမာပြု တင်ပြရာဖြစ်သော ဒေါ်မစန်း အမှု၌ ဒေါ်မစန်း ၏ နစ်နာဆုံးရှုံးမှုများမှာ ဥပဒေ၏ အကာအကွယ်ကို မှန်ကန်စွာ မရရှိခဲ့ကြောင်း ဖော်ညွှန်းတင်ပြထားသည့် အချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရား လွှတ်တော်ချုပ်တရားသူကြီး၏ ရှင်းလင်းဖြေကြားချက် အနှစ်ချုပ်မှာ ယခု အမှု၌ ဒေါ်မစန်း သည် ဥပဒေပါ အခွင့်အရေးအရ ကာလစည်းကမ်းသတ် ဘောင်အတွင်း အယူခံ ပြင်ဆင်တက်ရောက်ခဲ့ခြင်း မရှိဘဲ အိပ်ပျော်နေသူသာဖြစ်၍ (ဥပဒေ၏ အကာအကွယ်ကို မရခဲ့ဟု ဆိုသည်မှာ) မှန်ကန်မှုမရှိကြောင်း တင်ပြသွားသည်ကို တွေ့ရှိရပါတယ်။

၄။ ဥပဒေကြမ်းကော်မတီ အနေဖြင့် အထက်အငြင်းထွက်စရာ အကြောင်းအချက်နှင့် ပတ်သက်ပြီးတော့ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ၏ ကွင်းဆင်းစစ်ဆေး တွေ့ရှိချက်ပါ အထောက်အထားများ ဒေါ်မစန်း ၏ မူလမြို့နယ်တရားရုံး၊ ဟသ်ာတခရိုင်တရားရုံးရှိ မူလတရားမမှု၊ တရားမ အယူခံ၊ မူလဇာရီနှင့် ဇာရီအယူခံမှု အမှုတွဲများပါ စီရင်ချက်များကို အမျိုးသားလွှတ်တော်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ဥပဒေပညာရှင်များနှင့် ပူးပေါင်းစိစစ်လေ့လာ တွေ့ရှိချက်များအရ အောက်ပါအချက်တို့ကို တွေ့ရှိရပါတယ်။

(က) တရားမမှု၏ လေးမျက်နှာတရားရုံးနှင့် ဟသ်ာတခရိုင်တရားရုံးတို့သည် ချေးငွေ၏ အရင်းငွေ(၇)သိန်းကျပ်အပေါ် အတိုးများတွက်ချက်၍ ပေးထားကြောင်း မူလမြို့နယ်ရုံး၌ အတိုး (၅)သိန်း (၂)သောင်းကျပ် တွက်ချက်ပေးပြီး ခရိုင်တရားရုံးက အတိုး(၃)သိန်းခွဲ တွက်ချက်ပေးထားခြင်းများသည် တရားရုံးများလက်စွဲ အပိုဒ် ၁၇၃ ပါ ပြဋ္ဌာန်းချက်ဖြစ်သော တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၃၄ အရ ဒီကရီအနိုင်ရသူသို့ ခွင့်ပြုသည့် ရုံးအတိုးနှုန်းဖြစ်သော ငွေတစ်ရာကျပ်လျှင် တစ်နှစ်ကိုးကျပ်နှုန်းတိုးထက် များစွာပိုလွန်နေကြောင်း တွေ့ရှိရပါတယ်။

(ခ) ဇာရီမှုတွင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းအပေါ် ဝရမ်းကပ် အတည်ပြုခြင်း၌ လိုက်နာရန် ဖြစ်သော တရားမကျင့်ထုံး အမိန့် ၂၁၊ နည်း ၁၃ ပါ ပြဋ္ဌာန်းချက်များနှင့် တရားရုံးများလက်စွဲ အပိုဒ် ၂၃၈ တို့တွင် ဖော်ပြထားသော တရားရုံးမှ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများကို တိကျစွာ လိုက်နာဆောင်ရွက်မှုမရှိဘဲ ပျက်ကွက်ခဲ့သော အချက်များကိုလည်း ထင်ရှားစွာ တွေ့ရှိရပါတယ်။

(ဂ) တရားရှုံးအမှတ်(၁) ဒေါ်မစန်း သည် ခင်ပွန်း မကွယ်လွန်မီကလည်းကောင်း၊ ခင်ပွန်း ကွယ်လွန်ပြီးနောက်လည်းကောင်း၊ လယ်ယာလုပ်ငန်းဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုသည့် တောင်သူလယ်သမားတစ်ဦးဖြစ်ကြောင်း ထင်ရှားသဖြင့် တောင်သူလယ်သမားပိုင် နေအိမ်အား ဒီကရီ အတည်ပြုရာတွင် ဝရမ်းကပ် ရောင်းချခြင်း မခံထိုက်စေရသည့် တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၆၀၊ ပုဒ်မခွဲ(၁)ပါ ပြဋ္ဌာန်းချက် အပိုဒ်ခွဲငယ်(ခ) နှင့်(ဂ)တို့ပါ ကင်းလွတ်ခွင့်များ၏ အကာအကွယ်ကို မရရှိခဲ့ခြင်း၊ မူလဇာရီ အတည်ပြုရာ တရားရုံး၌ ဒေါ်မစန်း၏ လယ်သမားအိမ်ဖြစ်သဖြင့် ဝရမ်းခွာပေးရန် တရားမကျင့်ထုံးအမိန့် ၂၁ နည်း ၅၄ အရ လျှောက်ထားခဲ့ခြင်းအပေါ် တရားရုံးမှ တစ်စုံတစ်ရာ စုံစမ်းဆောင်ရွက် ပေးခဲ့ခြင်းမရှိဘဲ မျက်ကွယ်ပြုခံရခဲ့သည်ကို တွေ့ရှိရပါတယ်။

(ဃ) တရားမဇာရီမှုအမှတ်(၇/၂၀၁၀) မူလရုံးအမှုတွဲ၌ ၂၅ - ၃- ၂၀၁၀ နှင့် ၂၂-၄-၂၀၁၀ နေ့စွဲပါ နေ့စဥ်မှတ်တမ်းများအရ အမှုပါ အမှတ်(၂)တရားရှုံး ဦးမောင်စစ် အပေါ် ဒီကရီ ကျငွေတစ်ဝက်ကို ဆက်လက်အတည်ပြုမည်ဖြစ်ကြောင်း အတည်ဖြစ်လျက်ရှိသည့် အမိန့်များကို ဆန့်ကျင်အကျိုးသက်ရောက်စေခဲ့သည့် ခရိုင်တရားရုံး၊ ဇာရီအယူခံမှု အမိန့်ဖြင့် ဒီကရီကျငွေ တစ်ဝက်ကို ငွေသွင်း ပေးဆပ်ပြီးဖြစ်သော အမှတ်(၁) တရားရှုံး ၏ အိမ်ကိုပင် ထပ်မံဝရမ်းကပ်ရောင်းချ၍ အမှတ်(၂) တရားရှုံး၏ တာဝန်

ကိုပါ ပေးဆပ်ခဲ့ရခြင်းနှင့် အိမ်နှင့်ခြံ၏ လေလံတင် ရောင်းချရန် တန်ဖိုးသတ်မှတ်ခြင်းကို တရားနိုင်တင်ပြထားသော ရပ်ကွက်အုပ်ချုပ်ရေးမှူး တစ်ဦးတည်း၏ ဖော်ပြချက်ဖြင့်သာ တစ်ဖက်သတ်တန်ဖိုးဖြတ် ဆောင်ရွက်စေခဲ့ခြင်းများကိုလည်း တွေ့ရှိရပါတယ်။

(င) တရားနိုင်သို့ အိမ်အပ်ဝရမ်း အတည်ပြုပေးအပ်ခဲ့သည့် ၁၆-၉-၂၀၁၁ ရက်နေ့ မတိုင်မီ (၃)လခန့်စော၍ ၂၅-၆-၂၀၁၁ ရက်နေ့တွင် နေပြည်တော်ရှိ တရားသူကြီးချုပ်ထံ ဒေါ်မစန်း က အသနားခံစာ တင်ပြခဲ့သော်လည်း တစ်စုံတစ်ရာ အရေးယူအကြောင်းပြန်ကြားမှု မရှိခဲ့ခြင်း၊ ၄-၄-၂၀၁၂ ရက်နေ့တွင် အမှုခေါ်စာချွန်တော် လျှောက်ထားခဲ့သော်လည်း အကြောင်းပြန်ကြားမှု တစ်စုံတစ်ရာ မရှိခဲ့ခြင်း တို့ကို စိစစ်တွေ့ရှိရပါတယ်။

၅။ အထက်ပါ ဥပဒေကြောင်းဆိုင်ရာ စိစစ်တွေ့ရှိချက်များအရ အမှုသည် ဒေါ်မစန်း သည် ဥပဒေ၏ အကာအကွယ်အပြည့်အဝ မရခဲ့ဟူသော လွှတ်တော်ကော်မတီ၏ ထောက်ပြသောအချက်မှာ တရားရေးလမ်းကြောင်း ကုန်ဆုံးသွားသော အမှုဖြစ်သော်လည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် အထူးအလေးထား သုံးသပ်ဆင်ခြင်သင့်သော အချက်အဖြစ် ခံယူသင့်သည် ဟု သုံးသပ်တွေ့ရှိရပါတယ်။

၆။ ပြည်သူတို့၏တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ၏ အဆိုအပိုဒ်(ခ)မှ (ဈ)အထိ အကြံပြုချက်များမှာ ဒေါ်မစန်း ၏ အမှုတစ်ခုတည်းအတွက် ပုဂ္ဂလဓိဋ္ဌာန်မဟုတ်ဘဲ တရားစီရင်ရေး မဏ္ဍိုင်တစ်ခုလုံးနှင့် သက်ဆိုင်သည့် အပြုသဘောဆောင်သော အချက်များဖြစ်ကြောင်း တွေ့ရှိရပါတယ်။

၇။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး၏ ဖြေကြားချက်များမှာမူ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့၏ တွေ့ရှိချက်များကို အတည်ပြုရန် စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်များသည် ဥပဒေနှင့် ညီညွတ်ဖို့လိုမည်ဖြစ်ကြောင်း တရားရုံး၏ဆုံးဖြတ်ချက်များကို မှားသည်မှန်သည် ပြောဖို့ဆိုသည်မှာ ဥပဒေအရာတွင် ကျွမ်းကျင်ပြီး အဆင့်မြင့်အယူခံရုံး၏ အတွေ့အကြုံ ဗဟုသုတ နှင့် ပြည့်စုံဖို့ လိုအပ်မည်ဖြစ်ကြောင်း၊ ထိုသို့ အရည်အချင်းမျိုးဖြင့် မပြည့်စုံဘဲ တရားရုံး၏ ဆုံးဖြတ်ချက်ကို မှားတယ်မှန်တယ်ဟု ဝေဖန်သုံးသပ်ခြင်းမှာ သဘာဝမကျကြောင်း၊ တရားရုံးတွင် လွတ်လပ်စွာ တရားစီရင်ခွင့်ရှိကြောင်း၊ ကာလစည်းကမ်းသတ် လွန်ပြီးသောအမှုကို ပြန်လည်စစ်ဆေးပေးရန် မဖြစ်နိုင်တော့ကြောင်း စသည်ဖြင့် အဆင့်မြင့်တရားရုံးက မိမိလက်အောက်ခံတရားရုံးကို ဖြေကြားသည့် ပုံစံမျိုး ဖြေကြားသွားသည်ကို တွေ့ရှိရပါတယ်။ လွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဆိုသည့် အလေးထားသင့်သော အချက်ကို သတိမပြုမိဘဲ အိပ်ပျော်သွားပုံရပါတယ်။

၈။ ဤနေရာတွင် ဥပဒေကြမ်းကော်မတီသည် တရားရုံး အတွေ့အကြုံများစွာရှိသော၊ ဥပဒေပညာရှင်များလည်းဖြစ်သော ကော်မရှင်အဖွဲ့ဝင်များနှင့် ညှိနှိုင်း၍ စိစစ်လေ့လာသင့်သည်များကို ပူးပေါင်းလေ့လာခဲ့ကြပါတယ်။ ယင်းလေ့လာချက်များအရ အောက်ပါအချက်များကို သုံးသပ်ရရှိပါတယ် -

(က) ယခုဆောင်ရွက်နေသောဖြစ်စဉ်မှာ အမျိုးသားလွှတ်တော်တွင် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၃(င) အရ လွှတ်တော်ကော်မတီတစ်ရပ်က လွှတ်တော်သို့ အစီရင်ခံစာ တင်သွင်းခြင်း၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၃(စ) နှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၇(ဂ)တို့အရ အဆိုတင်သွင်း ဆောင်ရွက်နေခြင်းဖြစ်ရာ သက်ဆိုင်ရာဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်း ဖြစ်ပါသဖြင့် ဥပဒေဘောင်ကျော်၍ ဆောင်ရွက်နေခြင်း မဟုတ်ကြောင်း ရှေးဦးစွာသတိချပ်သင့်ပါတယ်။

(ခ) တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာတင်ပြချက်နှင့် အဆိုတို့ကို လေ့လာသည့်အခါ တရားရုံးများ၏ ဆုံးဖြတ်ချက်များကို ဝင်ရောက်စွက်ဖက် ဆုံးဖြတ်ချက်ချပေးနေခြင်း မဟုတ်ဘဲ ကွင်းဆင်းစစ်ဆေး တွေ့ရှိချက်များအရ တရားရေးလမ်းကြောင်းဆုံးနေသော အမှုနှင့်စပ်လျဉ်း၍ တရားရုံးအဆင့်ဆင့်၏ ဆောင်ရွက်မှု အရည်အသွေးကို တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်များဖြင့် တိုက်ဆိုင်ညှိနှိုင်း၍ ဆင်ခြင်သုံးသပ်ထားသည်များသာ ဖြစ်ကြောင်းတွေ့ရှိရပါတယ်။ ထို့ပြင် ပြည်သူ့ကိုယ်စားလှယ်များ၏ တာဝန်အရ တရားရေး လမ်းကြောင်းဆိုင်ရာများကို အများပြည်သူအကျိုးစီးပွား အလို့ငှာ ထောက်ပြခြင်း ဖြစ်ပါတယ်။ နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာကို တတ်နိုင်သမျှ ပိုင်းခြားထားခြင်း၊ အပြန်အလှန်ထိန်းကျောင်းခြင်းတို့ကို မျက်ကွယ်ပြု၍ လွတ်လပ်စွာ တရားစီရင်ရေးကို ဝင်ရောက်စွက်ဖက်ခြင်း မဟုတ်သည်ကို သတိပြုဆင်ခြင်အပ်ပါတယ်။

(ဂ) တရားသူကြီး၏ လွှတ်တော်တွင် ဖြေကြားချက်၌ တရားရုံးတစ်ရုံးရဲ့ ဆုံးဖြတ်ချက်ကို မှားတယ် မှန်တယ်ပြောဖို့ဆိုတာကတော့ ဥပဒေအရာမှာ ကျွမ်းကျင်ပြီးတော့ အဆင့်မြင့် အယူခံရုံးရဲ့ အတွေ့အကြုံဗဟုသုတနဲ့ ပြည့်စုံဖို့လဲ လိုအပ်မှာ ဖြစ်ပါတယ်၊ ဒီလိုအရည်အချင်းမျိုးနဲ့ မပြည့်စုံရင် တရားရုံးတစ်ရုံးရဲ့ ဆုံးဖြတ်ချက်ကို မှားတယ်၊ မှန်တယ် ဝေဖန်သုံးသပ်ခြင်းဟာ သဘာဝမကျတဲ့ အချက်ဖြစ်ကြောင်း တွေ့မြင့်နိုင်ပါတယ် ဟူသော ဖြေဆိုချက်နှင့် အတည်ဖြစ်နေတဲ့ တရားရုံးစီရင်ချက်၊ အမိန့်၊ ဒီကရီဟာ မှားယွင်းကြောင်း၊ ဥပဒေနဲ့မညီကြောင်းကို ပြောခွင့်မရှိပါဘူး။ ဒီလို စီရင်ပိုင်ခွင့်အာဏာ မရှိဘဲနဲ့ ပြောဆို၊ ရေးသား တင်ပြရင် အဲဒီ ပြောဆိုရေးသား တင်ပြချက်များကို ဥပဒေအရ မှန်တယ်လို့ မယူဆနိုင်ပါဘူး။ ဥပဒေအရလဲ အကျိုးသက်ရောက်မှုမရှိတဲ့အတွက် လိုက်နာဆောင်ရွက်ရန်လည်း မဖြစ်နိုင်ပါကြောင်း တင်ပြအပ်ပါတယ် ဟု ပါရှိပါတယ်။

(ဃ) ပြည်ထောင်စုတရားလွှတ်တော်ချုပ် ကိုယ်စား လာရောက်ဖြေကြားသော တရားလွှတ်တော်ချုပ် တရားသူကြီး တစ်ဦးအနေဖြင့် အမျိုးသားလွှတ်တော်ကြီးသို့ လာရောက် ဖြေကြားသည်နှင့်မတူဘဲ သာမန်လက်အောက်ခံတရားရုံးသို့ တရားရုံးအဆင့်ဆင့် ဆက်ဆံသည့်ပုံစံမျိုးဖြင့် တရားလွှတ်တော်ချုပ်က ပြောဆိုဖြေကြားနေခြင်းမျိုး ဖြစ်နေသည်ကို တွေ့ရှိရပါတယ်။ အမျိုးသားလွှတ်တော်ကြီး၏ ဂုဏ်သိက္ခာ၊

C:\Users\user\Desktop\meeting\ပထမအ□ကိမ□ အမ်□ီးသားလ□တ□တော□ သတ□မပုံမှန□အစည□းအဝေး မှတ္တမ□းမ်ား\8-2013\30-8-2013(28th) Meeting\30-8-2013 (28th) Meeting123.docx

လွှတ်တော် ကိုယ်စားလှယ်များ၏ တာဝန်နှင့် မွန်မြတ်သော စေတနာတို့ကို အလေးထား ဂရုပြုရန် အထူးအားနည်းလျက်ရှိပါတယ်။ တရားသူကြီးတစ်ဦးနေဖြင့် မိမိ၏ အဆင့်နှင့် ဂုဏ်သိက္ခာကို တန်ဖိုးထားရန် လိုသကဲ့သို့ လွှတ်တော်၏ ဂုဏ်သိက္ခာကို လည်းကောင်း၊ ပြည်သူ့ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍကို လည်းကောင်း၊ လေးစားရန် လိုအပ်မည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

(င) ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာနှင့် အဆိုတို့ကို အသေးစိတ် လေ့လာသုံးသပ်ကြည့်ရာတွင် ဒေါ်မစန်း ဆိုသူ တစ်ဦး တစ်ယောက်၏ အမှုကိုသာ ပြန်လည်စစ်ဆေးပေးရေး ဆောင်ရွက်နေခြင်း မဟုတ်ကြောင်း ထင်ရှားလျက်ရှိပါသည်။ ဤအမှုတွင် တွေ့ရှိရသော တရားစီရင်ရေး ဆိုင်ရာ အားနည်းချက်များကို သင်ခန်းစာယူ၍ တရားစီရင်ရေးမဏ္ဍိုင် အားကောင်း တည့်မတ်ပြီး ပြည်သူတို့ ယုံကြည်အားထားရာ ဖြစ်စေရေးကို ရည်ရွယ်၍ အလေးထား တင်ပြနေခြင်းဖြစ်သည်ကို တန်ဖိုးရှိရှိ သတိချပ်ရမည် ဖြစ်ပါသည်။ တရားသူကြီးရဲ့ ဖြေကြားချက်မှာ သင်ခန်းစာယူ၍ ပြုပြင်ရန် ဝမ်းမြောက်စွာ ကြိုဆို ရမည့်အစား တရားစီရင်ရေး၏ လွတ်လပ်မှုနှင့် တည်ဆဲဥပဒေများ၏ ကန့်သတ်ချက် များကိုသာ ဦးစားပေးနေသဖြင့် ပြည်သူ့ကိုယ်စားပြု တရားသူကြီးပုံစံထက် တရားသေ ဥပဒေ အကျဥ်းသမားပုံစံ ဖြစ်လျက်ရှိနေသည်ကို ပြန်လည်ဆင်ခြင်သင့်ပါသည်။

(စ) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉(က)၌ ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေး ဟု ပြဋ္ဌာန်းထားပါလျက် လွတ်လပ်စွာ တရားစီရင်ရေးကိုသာ အကြိမ်များစွာ ပြောကြားသွားပြီး ဥပဒေနှင့်အညီ ဟူသော အနှစ်သာရကို ဥပဒေသမားဖြစ်သူ တရားသူကြီး အနေဖြင့် မေ့လျော့စွာ ဖြေကြားပြီး တရားစီရင်ရေး၏ လွတ်လပ်မှုကို ဦးစားပေးနေသည့် သဘောဖြစ်လျက်ရှိသည်ကို တွေ့ရှိရပါတယ်။

(ဆ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် ဥပဒေနှင့် ညီညွတ်သော အလေးထား ရမည် ဖြစ်သကဲ့သို့ တရားမျှတမှုနှင့် စေတနာပေါင်းစပ်ရန်ကိုလည်း လမ်းညွှန် တည့်မတ်ရန် အရေးကြီးသည် ဟု သုံးသပ်ရပါသည်။ စေတနာပါသော တရားမျှတမှု ကို လိုလားနှစ်သက်သော တရားသူကြီးများဖြစ်ရန် ကျင့်ကြံကြရမည် ဖြစ်ပါသည်။

(ဇ) ယခု ဒေါ်မစန်း အမှုတွင် ကာလစည်းကမ်းသတ် ကျော်လွန်နေပြီဖြစ်၍ ဆောင်ရွက် ပေးရန် မရှိပါကြောင်း ပြောကြားသွားသော တရားသူကြီးကိုယ်တိုင် မကြာသေးမီက စီရင်ဆုံးဖြတ်ခဲ့သော -

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ၂၀၁၀ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်၊ ၁။

ဦးရန်မြင်ဆန်း(ခ) ဦးစိုးမြင့် နှင့် ဦးရန်မင်ရှု(ခ)ဦးဌေးနိုင် တို့အမှုတွင် ၄-၅- ၂၀၁၂ အမိန့် စာမျက်နှာ(၄)၌ -

ဤပြင်ဆင်မှု လျှောက်ထားရာတွင် လျှောက်ထားသူသည် ပြင်ဆင်မှုလျှောက်လွှာမှာ ကာလစည်းကမ်းသတ် ကျော်လွန်နေကြောင်း လျှောက်ထားခံရသူမှ တင်ပြသည်။

ဤပြင်ဆင်မှုမှာ ပြည်ထောင်စုတရား လွှတ်တော်ချုပ်က တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၅ ဒုတိယခြွင်းချက်အရ မိမိ သဘောအလျောက် ပြင်ဆင်မှု ဖွင့်လှစ်ခြင်း ဖြစ်သည်။ သို့ဖြစ်၍ ကာလစည်းကမ်းသတ်ကိစ္စအပေါ် တစ်စုံတစ်ရာ ဝေဖန်သုံးသပ်ရန် အကြောင်း မရှိပေ ဟု ဥပဒေ၏ ကန့်သတ်ချက်ကို ကျော်လွှား၍ စီရင်ဆုံးဖြတ်ခဲ့မှုမျိုး ပြန်လည်သုံးသပ်ဆင်ခြင်၍ ဒေါ်မစန်း အမှုကို ကိုင်တွယ်ရန် သင့်၊ မသင့် စဉ်းစားသင့်ပါသည်။

၉။ ထို့ပြင် ဥပဒေကြမ်းကော်မတီ၏ အလေးထားစဉ်းစားသင့်သော အောက်ပါစီရင်ထုံးများကို နှိုင်းယှဉ် လေ့လာခဲ့ပါသည်-

(က) ဝရမ်းကပ်ရန် လျှောက်ထားသော အဆိုပါအိမ်မှာ အိမ်ရှင်နေထိုင်ပြီး မိမိ၏ ကျွဲ၊ နွားများ၊ မိမိလယ်ယာကိရိယာများ၊ မျိုးစေ့စပါးများ၊ မိမိအလုပ်သမားများကို အိမ်မှာ ထားလျက် လယ်ယာစိုက်ပျိုးရေးကိစ္စအတွက် တိုက်ရိုက်အသုံးပြုလျှင် ၎င်းအိမ်ကို တောင်သူလယ်သမားအနေဖြင့် နေထိုင်သည် ဟု မှတ်ယူရမည်။ ဝရမ်းကပ်ခြင်းမှ ကင်းလွတ်ခွင့် ရရှိနိုင်သည်။

(မောင်ထွန်းအေး နှင့် မောင်လှဟန် AIR ၁၉၃၆၊ ရန်ကုန် ၂၁၅။) တွင် ပါရှိပါသည်။

(ခ) တရားစီရင်ရာတွင်အမှန်ကို ဆုံးဖြတ်ရုံမကဘဲ ထိုသို့အမှန်တရားကို စီရင်ကြောင်း အများမြင်သာစေရာသည်။

(၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ ရုံးချုပ်၊ စာ ၆၁၆။) မှာလည်း စီရင်ထုံး ဖွဲ့ထားတာ ရှိပါသည်။

(ဂ) လင်သည် မယား၏ မျက်ကွယ်၌ လင်၏အမည်နှင့် မယား၏အမည်ကို အော်ဒီမံ ငွေချေးစာချုပ်တွင် လက်မှတ်ရေးထိုး၍ ငွေချေးသည်။ လင်သည် မယား၏ ကိုယ်စားလှယ် အဖြစ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း အကြောင်းပြရန် မရှိပေ။ ထို့ကြောင့် မယား၌ ထိုငွေအတွက် တာဝန် မရှိပေ ဟု

(မောင်စံဖေနှင့်မောင်ကျန်၊ ၁၁ ဘီအယ်လ်အာ၊ စာ ၂၀၃) တွင် စီရင်ထုံးဖွဲ့ထားတာ ရှိပါတယ်။

၁၀။ သို့ဖြစ်ရာ အထက်ပါအကြောင်းခြင်းရာ ကောက်နုတ်သုံးသပ်ချက်များအရ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည်လည်းကောင်း၊ တရားလွှတ်တော်ချုပ်ကိုယ်စား အမျိုးသားလွှတ်တော်သို့ လာရောက်ဖြေဆိုသော တရားလွှတ်တော်ချုပ် တရားသူကြီးသည်လည်းကောင်း နိုင်ငံတော်အချုပ်အခြာ အာဏာ၏ မဏ္ဍိုင်သုံးရပ်ကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးခြင်း၊ အပြန်အလှန် ထိန်းကျောင်းခြင်း စသည့် မူသဘောကို ကောင်းစွာဆင်ခြင်လျက် လွတ်လပ်စွာ တရားစီရင်ရေး ဆိုသည့် အချက်ကို ကိုင်စွဲထားသည်ထက် ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေးမူကို တရားမျှတမှုနှင့် မှန်ကန်သော စေတနာတို့ဖြင့် ပေါင်းစပ်နိုင်ရေးတို့ကို ပိုမိုအလေးထား ဆောင်ရွက်သင့်ပါသည်။

၁၁။ ဒုတိယအားဖြင့် အမှုသည်များအား ဥပဒေနှင့်အညီ ရသင့်သော အခွင့်အရေးများကို ရရှိပြီး မလိုလားအပ်သည့် နစ်နာဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် တရားရုံးအဆင့်ဆင့်ကို စနစ်တကျ ကြပ်မတ်စစ်ဆေးပြုပြင်ရန်လည်း လိုအပ်လျက်ရှိပါသည်။ တိုင်ကြားစာနှင့် အသနားခံစာများသည် အမှု သည်များ၏ ဥပဒေနှင့် မညီသော အခွင့်အရေးများအဖြစ်သာ တစ်ဖက်သတ်ရှုမြင်နေမှုကို အချိန်မီ ပြုပြင်သင့်ပါသည်။

၁၂။ ပြည်သူ့ကိုယ်စားလှယ်များအနေဖြင့် ဖွဲ့စည်းထားသည့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် လွှတ်တော်နှင့် လွှတ်တော်ကော်မတီများ၏ ဆောင်ရွက်ချက်များအပေါ် မှန်မှန် ကန်ကန် ရှုမြင်သုံးသပ်ခြင်း မပြုဘဲ တရားရုံးအဆင့်ဆင့်၌ အဆင့်မြင့်တရားရုံးက မိမိလက်အောက်ခံ တရားရုံးကို ဆက်သွယ်ဆက်ဆံသည့်ပုံစံမျိုးဖြင့် ဥပဒေရေးရာရှုထောင့်မှသာ အလေးပေးမှုမျိုး ပြုသင့်၊ မပြုသင့် စဉ်းစားဆင်ခြင်သင့်ပါသည်။ ဥပဒေရှုထောင့်မှ သာမက တရားမျှတမှုနှင့် စေတနာမှန်ကန်မှု၊ ပြည်သူ့အကျိုး ဦးထိပ်ထားမှုစသော ဘက်စုံအမြင်များဖြင့် သုံးသပ်ဆွေးနွေး၍ ဖြေရှင်းဆောင်ရွက် ခြင်းဖြင့် အမှန်တရားကို ရှေးရှုသင့်ပါသည်။

၁၃။ လွှတ်တော်၏ ဂုဏ်သိက္ခာနှင့် တာဝန်ပိုင်းကို မှန်ကန်စွာ နားလည်လက်ခံနိုင်ရန် ကြိုးစား ရမှာ ဖြစ်သကဲ့သို့ ပြည်သူများ ယုံကြည်လေးစားသော တရားစီရင်ရေးစနစ်ကောင်းဖြစ်စေရေး ကိုလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

၁၄။ ထို့ကြောင့် အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီက တင်သွင်းသော အဆိုသည် ဥပဒေနှင့်မညီသော အစွန်းထွက်သော အဆို မဟုတ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါသည်ခင်ဗျား။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။

**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ပြန်လည်ရှင်းလင်းချင် ပါသေးလား။ အချိန်ရော ယူချင်ပါသေးလား။

**အချိန်၊ ၁၁း၂၃။**

**ဦးစိုးညွန့် (တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ အကျဉ်းချုပ်ပဲ ရှင်းလင်းပါမယ်။ အချိန်မယူတော့ပါဘူး။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အခု ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာနဲ့ ပတ်သက်ပြီးတော့ အနည်းငယ်ပဲ ရှင်းလင်းတင်ပြလိုပါတယ်။ ရှေးဦးစွာ ကျွန်တော့် အနေနဲ့ တင်ပြလိုတဲ့ အချက်ကတော့ တရားရုံးများရဲ့ ဆုံးဖြတ်ချက်များ ချမှတ်တဲ့သဘော သဘာဝလေးကို အနည်းငယ် တင်ပြလိုပါတယ်။ တရားရုံးများက စီရင်ဆုံးဖြတ်တဲ့နေရာမှာတော့ ကျွန်တော်တို့ ဥပဒေကြောင်းဆိုင်ရာ ရှိပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ အကြောင်းခြင်းရာ အချက်အလက်များ ရှိပါတယ်။ ဒီအကြောင်းအခြင်းရာ အချက်အလက်နဲ့ ဥပဒေကြောင်းဆိုင်ရာ များအပေါ်မှာ တရားရုံးများက ယှဉ်တွဲသုံးသပ်ပြီးတော့ သင့်မြတ်တဲ့ စီရင်ချက်များ ချမှတ်ရခြင်း ဖြစ်ပါတယ်။ အဲဒီလို ချမှတ်တဲ့နေရာမှာတော့ အကြောင်းခြင်းရာနဲ့ ပတ်သက်တဲ့ ချမှတ်တဲ့ ဆုံးဖြတ်ချက်

များကတော့ အမှုတွဲမှာ ပေါ်ပေါက်တဲ့ သက်သေခံချက်များအပေါ်မှာ ချမှတ်ရတာ ဖြစ်တဲ့အတွက် အမှုတွဲများမှာတော့ တချို့နေရာတွေမှာ တရားလို၊ တရားပြိုင် နှစ်ဖက်တင်ပြချက်တွေ အားနည်းချက်ဒါတွေ ရှိပါတယ်။ အားနည်းတာတွေ ရှိတဲ့အခါမျိုးမှာတော့ တရားရုံးက ဘယ်ဘက်က ဆုံးဖြတ်ချက်က ပိုပြီးတော သင့်မြတ်မလဲ၊ ပိုပြီး မှန်ကန်မလဲ ဆိုတာပေါ်မှာ အလေးထားပြီးတော့၊ စဉ်းစားပြီးတော့ သုံးသပ်ဆုံးဖြတ်ရတာမျိုး ရှိပါတယ်။ အမှန်အားဖြင့်တော့ အကြောင်းခြင်းရာနဲ့ ပတ်သက်တဲ့ ဆုံးဖြတ်ချက်တွေကတော့ တစ်ခုနဲ့တစ်ခု ကျွန်တော်တို့ ဆုံးဖြတ်ချက် ချတဲ့နေရာမှာ အယူအဆ ကွဲလွဲနိုင်တာ ရှိပါတယ်။ ဒါ ဥပမာအားဖြင့် ပြောရမယ်ဆိုလို့ရှိရင် မြို့နယ်တရားရုံးက ဆုံးဖြတ်ချက် တစ်ရပ် ချလိုက်တယ်။ ဒါကို မကျေနပ်လို့ ခရိုင်ရုံးတက်တယ်ဆိုရင် ဥပမာ - ခရိုင်ရုံးက မြို့နယ်တရားရုံးရဲ့ ဆုံးဖြတ်ချက်က မမှန်ဘူးလို့ ယူဆပြီးတော့ မြို့နယ်ရုံးရဲ့ ဆုံးဖြတ်ချက်ကို ပြင်ဆင်တာမျိုး ရှိပြီးတော့ တစ်ခါ ခရိုင်ရုံးရဲ့ ဆုံးဖြတ်ချက်ကို သူ့ထက် အဆင့်မြင့်တဲ့ တိုင်းလွှတ်တော်ကို တက်တဲ့ အခါကျတော့ တိုင်းလွှတ်တော်ကလည်း ခရိုင်ရုံးရဲ့ ဆုံးဖြတ်ချက်ကို အတည်ပြုတာမျိုးလည်း ရှိတယ်။ ဒါမှမဟုတ်ရင်လည်း ပြန်ပြီး မြို့နယ်ရုံးရဲ့ ဆုံးဖြတ်ချက် အတည်ပြုတာမျိုးလည်း ရှိပါတယ်။

ဆက်လက်ပြီးတော့ မကျေနပ်လို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ထိအောင် တက်တဲ့ အခါမျိုးမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ခရိုင်ရုံးတို့ တိုင်းဒေသကြီးလွှတ်တော်ရဲ့ ဆုံးဖြတ်ချက်တွေနဲ့ သဘောမတူဘဲနဲ့ ဟိုးအောက်ဆုံးက မြို့နယ်တရားရုံးရဲ့ ဆုံးဖြတ်ချက်ကို ပြန်အတည်ပြုတာမျိုးလည်း ရှိတတ်ပါတယ်။ ဆိုလိုတာကတော့ ဒီဆုံးဖြတ်ချက်တွေအပေါ်မှာ တွေ့ရှိချက်တွေကတော့ မိမိရဲ့ သဘောထားအရ တွေ့ရှိတာ ဖြစ်တဲ့အတွက်၊ မိမိတို့ရဲ့ ဆင်ခြင်တုံ တရားပေါ်မှာ မူတည်ပြီးတော့ ချမှတ်တာဖြစ်တဲ့အတွက် ဆုံးဖြတ်ချက်များဟာ တစ်ခုနဲ့တစ်ခု မတူညီနိုင်ကြောင်းကို ကျွန်တော် ရှေးဦးစွာ တင်ပြလိုပါတယ်။ ဒါကြောင့် အခု ကျွန်တော်တို့ တရားရုံးက ချမှတ်တဲ့ ဆုံးဖြတ်တွေနဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အမျိုးသားလွှတ်တော်ကြီးမှာ လာရောက် ရှင်းလင်းပြတဲ့ အချက်တွေနဲ့၊ ယူဆချက်တွေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာပါ ယူဆချက်တွေ ကွဲလွဲတာ ကတော့ သဘာဝကျတဲ့အချက် ဖြစ်ပါတယ်။ ကွဲလွဲလည်း ကွဲလွဲနိုင်တဲ့အချက်များ ဖြစ်ပါကြောင်းကို ရှေးဦးစွာ တင်ပြလိုပါတယ်။ သို့သော်လည်းပဲ အဓိကထားပြီးတော့ တင်ပြချင်တဲ့အချက်ကတော့ ဒီမှာ ဆုံးဖြတ်ချက်ချတဲ့နေရာမှာ အဓိကထား တင်ပြချင်တာကတော့ တရားရုံးက ဆုံးဖြတ်တဲ့နေရာမှာ အထောက်အထားမဲ့၊ အထောက်အထားမရှိဘဲနဲ့ ဆုံးဖြတ်ချက် ချတာမျိုး မဖြစ်ဖို့ အရေးကြီးတဲ့ အကြောင်းကို တင်ပြချင်ပါတယ်။ အထောက်အထားမဲ့ ဆုံးဖြတ်တာ ဆိုရင်တော့ ဒီတရားရုံးရဲ့ ဆုံးဖြတ်ချက်ဟာ မှားတယ်လို့ ဆိုရမှာ ဖြစ်ပြီးတော့ ဒီလိုဆုံးဖြတ်တဲ့ တရားသူကြီးအပေါ်မှာလည်း အရေးယူသင့်တဲ့အခါ အရေးယူဖို့ ဖြစ်ပါတယ်။ ဒီလိုမှမဟုတ်ဘဲနဲ့ အထောက်အထား ရှိပြီးတော့ ဆုံးဖြတ်ချက်ချတဲ့အခါမျိုးမှာတော့ အယူအဆ ကွဲလွဲရုံမျှနဲ့ တရားသူကြီးရဲ့၊ တရားရုံးရဲ့ ဆုံးဖြတ်ချက်ဟာ မှားတယ်။ ဒါကြောင့်မို့လို့ သူ့ကို အရေးယူရမယ်လို့ ယူဆတာမျိုးဆိုရင်တော့ သိပ်သင့်တော်မှာ မဟုတ်ပါကြောင်းကိုလည်း ထည့်သွင်းစဉ်းစားဖို့ တင်ပြလိုပါတယ်။ ဒါ ပထမအချက် အနေနဲ့ တင်ပြခြင်း ဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ အမျိုးသား လွှတ်တော်မှာ လာရောက်တင်ပြဆွေးနွေးတဲ့အခါမှာ ဆွေးနွေးချက်တွေဟာ၊ ဆွေးနွေးတဲ့ အသုံးအနှုန်း

တွေဟာ အဆင့်မြင့်တဲ့ အယူခံရုံးရဲ့ ဆုံးဖြတ်ချက်က အရည်အချင်းရှိတဲ့ အယူခံရုံးရဲ့ ဆုံးဖြတ်ချက်မျိုး ဖြစ်ရမယ် စသည်ဖြင့် ဒီလိုတင်ပြချက်မျိုးဟာဆိုရင် လက်အောက်ခံ တရားရုံးကို ပြန်ကြားတာနဲ့ တူတယ်ဆိုတဲ့ သုံးသပ်ချက်နဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ပြန်လည်ရှင်းလင်းလိုပါတယ်။ ကျွန်တော့် အနေနဲ့ ဒီလိုရည်ရွယ်ချက် မရှိပါဘူး။ မရှိတဲ့အကြောင်းကို တင်ပြခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ဆွေးနွေးတင်ပြတဲ့နေရာမှာ ကွင်းကွင်းကွက်ကွက် ပေါ်ပေါ်ပေါက်အောင် ဆိုပြီးတော့ တင်ပြတဲ့နေရာမှာ နှိုင်းယှဉ်တင်ပြတဲ့ဟာမျိုး ဆုံးဖြတ်ချက်တစ်ရပ်ကို အလေးပေးပြီးတော့ကာ ထိရောက်အောင် ပိုပြီးတော့ ရှင်းရှင်းလင်းလင်း သိသာနိုင်အောင် တင်ပြတဲ့အနေနဲ့ တင်ပြခြင်းသာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်ရဲ့တင်ပြချက်မှာ အမျိုးသားလွှတ်တော်ကို ဂုဏ်သိက္ခာကို ထိခိုက်စေရန်အတွက် ရည်ရွယ်ချက် မရှိပါကြောင်းလည်း တင်ပြအပ်ပါတယ်။ အကယ်၍များ ကျွန်တော့်ရဲ့ တင်ပြချက်မှာ အမျိုးသားလွှတ်တော်ရဲ့ ဂုဏ်သိက္ခာကို ထိခိုက်ရာရောက်တယ်လို့ ယူဆမယ်ဆိုရင်လည်း ကျွန်တော့် အနေနဲ့ တောင်းပန်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တောင်းပန်ကြောင်း တင်ပြလိုပါတယ်။

ဆက်လက်ပြီးတော့ကာ တင်ပြလိုတဲ့အချက်ကတော့ ကျွန်တော်တို့ ပြန်လည်တင်ပြတဲ့ နေရာမှာ လွတ်လပ်စွာ တရားစီရင်ရေးကို အဓိကထားပြီးတော့ တင်ပြသွားကြောင်း လွတ်လပ်စွာ တရားစီရင်ရေးကို မကြာခဏ ပြောသွားကြောင်းနဲ့ပတ်သက်လို့ကတော့ ကျွန်တော်တို့ရဲ့ ခက်မသုံးဖြာ အပြန်အလှန် ထိန်းကျောင်းတဲ့နေရာမှာ စဉ်းစားသင့်တဲ့အချက်များကို တင်ပြခြင်းသာ ဖြစ်ပါတယ်။ အဲဒီတော့ လွတ်လပ်စွာတရားစီရင်ရေးနဲ့ ပတ်သက်လို့ကလည်း ကျွန်တော် တင်ပြခဲ့တဲ့ အတိုင်းပါပဲ။ လွတ်လပ်စွာ တရားစီရင်ရေး ရှိ၊ မရှိ ဆိုတာကို ပြည်တွင်း၊ ပြည်ပများကလည်း စောင့်ကြည့်ပြီးတော့ တရားရုံးများရဲ့ဆုံးဖြတ်ချက်၊ တရားရုံးများရဲ့ ကဏ္ဍကို စောင့်ကြည့်နေတဲ့ အနေအထား ဖြစ်တဲ့အတွက် လွတ်လပ်စွာ တရားစီရင်ရေးကို ထိခိုက်တဲ့ ကိစ္စဟာဆိုလို့ရှိရင် တရားရုံးရဲ့ ဂုဏ်သိက္ခာ တစ်ခုတည်း မဟုတ်ဘဲ၊ တရားရုံးရဲ့ ပုံရိပ်တစ်ခုတည်း မဟုတ်ဘဲနဲ့ တိုင်းပြည်ရဲ့ ပုံရိပ်ကိုပါ ထိခိုက်နိုင်တယ်လို့ ကျွန်တော် တင်ပြခဲ့ပါတယ်။ အဲဒီတော့ ဒီလို တင်ပြတာဟာ ဆိုလို့ရှိရင်လည်း ကောင်းစေချင်တဲ့ စေတနာနဲ့ တင်ပြခြင်းသာ ဖြစ်ပါကြောင်း အလေးထား ရှင်းလင်း တင်ပြအပ်ပါတယ်။ အချုပ်အားဖြင့် တင်ပြရမယ်ဆိုလို့ရှိရင် ဥပဒေကြမ်းကော်မတီရဲ့ အခု ပြန်လည် ရှင်းလင်းတင်ပြချက်များမှာပါတဲ့ အပြုသဘောဆောင်တဲ့ ဆွေးနွေးတင်ပြချက်များကို ကြိုဆိုပါကြောင်း ဒီလို အပြုသဘောဆောင်တဲ့ ဆွေးနွေးတင်ပြချက်များ၊ ထောက်ပြခြင်းများ ပြုလုပ်တဲ့အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် အနေနဲ့ များစွာဝမ်းမြောက်ပါကြောင်း၊ ဒီဆောင်ရွက်ချက်များကို ကျွန်တော်တို့ လိုက်နာသွားမည် ဖြစ်ပါကြောင်း ပြောကြားရင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၂၉။**

**ဥက္ကဋ္ဌ။** ။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁(က) ပေါ့။ အခန်း(၁)၊ နိုင်ငံတော်အခြေခံမူ များမှာ ပါ ပါတယ်။ ၂၁(က) နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်း ထားသည့် တန်းတူညီမျှမှု အခွင့်အရေး၊ လွတ်လပ်မှု အခွင့်အရေး၊ တရားမျှတမှု အခွင့်အရေးတို့ ခံစားခွင့်ရှိသည်။ ဒါ ဥပဒေရဲ့ရှေ့မှောက်မှာ နိုင်ငံသားတိုင်းရဲ့ တန်းတူ ခံစားခွင့်ရှိတယ်ဆိုတဲ့ အနှစ်သာရပါပဲ။ ဒီနေ့ ပြောပြောနေတဲ့ တရားဥပဒေ စိုးမိုးရေး အင်္ဂလိပ်လို Rule of Law ဆိုတာ၊ Rule of Law ရဲ့ အနှစ်သာရက ဒီကိစ္စ ဖြစ်တယ်။ ဒီကိစ္စဖြစ်တဲ့အတွက် ဆင်ခြင်တုံတရားနဲ့ ဆုံးဖြတ်

တာမို့လို့ မတူညီတာတွေ ရှိနိုင်တယ်ဆိုတာက မတူညီတာရှိတာ သဘာဝကျသော်လည်း သိပ်ကွာခြားပြီးတော့ မတူညီတာမျိုး မဖြစ်အောင် ထိန်းဖို့လိုပါတယ်။ အထူးသဖြင့် ငွေချေးတဲ့ကိစ္စတွေ ကျွန်တော်တို့ လွှတ်တော်မှာရောက်တဲ့ စာတွေက အများကြီးပဲ။ စိတ်မကောင်းစရာပဲ။ အဲဒီတော့ တရားဝင် ငွေချေးလိုင်စင် ရှိတာလည်း မဟုတ်ဘူး။ ယူတဲ့အတိုးနှုန်းကလည်း ဥပဒေနဲ့ မညီဘူး။ ပြီးလို့ရှိရင် မသိနားမလည်သော ပြည်သူကို အရောင်းအဝယ်စာချုပ်တွေ အမျိုးမျိုး လက်မှတ်ထိုးခိုင်း၊ ထိုးခိုင်းပြီးတော့မှ နောက်ဆုံး အိမ်သိမ်း၊ မြေသိမ်း တစ်ခါတည်း ဘဝပျက်သွားလောက်အောင် ငွေချေးမိလို့ ရှိရင် ဖြစ်တယ်။ အဲဒါက တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ တော်တော်ပျံ့ပျံ့နှံ့နှံ့ ဖြစ်နေတာ၊ တော်တော်လေးကို ပျံ့ပျံ့နှံ့နှံ့ ဖြစ်နေတာ ဒါ ဂရုစိုက်ဖို့ ပြောတာပါ။

ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်မှာရှိတဲ့ နိုင်ငံရေး၊ စီးပွားရေးနဲ့ ဥပဒေရေးရာ ကော်မရှင်ကိုလည်း ဒီအကြွေးတွေ တရားမဝင် တင်နေတဲ့ အကြွေးတွေ လျော်ပစ်ဖို့အတွက် ဘယ်လို နည်းလမ်းမျိုး ဥပဒေပြုရင် ရမလဲဆိုတာ ပြီးခဲ့တဲ့ Session ကတည်းက ဒါ အကြံဉာဏ်တောင်းထားတာ ရှိတယ်။ ဒီကိစ္စကြီးကို ဖြေရှင်းပေးမှ ရမယ်။ တောင်သူလယ်သမားမိသားစုတစ်ခုက ကျပ်သိန်း (၃၀)လောက် အကြွေးတင်နေတယ်ဆိုရင် ကြွေးတင်ကျွန် ဖြစ်မယ်။ သားစဉ်မြေးဆက် ဒုက္ခရောက်ပြီ။ ဒါက ခုနက တရားမဝင် ငွေချေးစားတဲ့ လုပ်ငန်းရဲ့ အကျိုးဆက်၊ အခု ဒီဥစ္စာက ဥပမာတစ်ခု ဖြစ်ပါတယ်။ အဲဒီတော့ တရားသူကြီးဆိုတာက တင်ပြလာတဲ့ စာရွက်စာတမ်းပေါ်မှာ ဆုံးဖြတ်တာ မှန်ပါတယ်။ သို့သော် ပတ်ဝန်းကျင်မှာဖြစ်နေတဲ့ ဒီလို ခုန ဆိုးဝါးလှတဲ့ လူမှုရေး ပြဿနာကြီးကို မျက်ကွယ်ပြုလို့တော့ မဖြစ်ဘူး။ ဒီအမှုတစ်ခုက ဒီလူတင်လာတဲ့ကိစ္စ။ ဒီလူသည် တရားမဝင် ငွေချေးစားနေတဲ့လူဖြစ်တယ်လို့ ယုံကြည်စရာအကြောင်း ရှိတယ်ဆိုရင် အဲဒီအကြောင်းအရာပေါ်မှာ မူတည်ပြီးတော့ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းဆိုတာကို ခေါင်းထဲ ထည့်ရမှာ။ ဥပဒေစာအုပ်တွေ ရှိပါတယ်။ ဒီဥပဒေစာအုပ်တွေကို ဖတ်တဲ့အခါမှာ Sprit of Law အရ ဒါကိုပဲ ကျွန်တော်တို့က အဓိကထားရမယ်။ Interpretation ပေါ့၊ ဘာသာပြန်တဲ့အခါမှာ ဥပဒေကို ဘာသာပြန်တဲ့ အခါမှာ ဒီစံ၊ ဒီအခြေခံမူ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါတဲ့ အခြေခံမူ၊ ဒါကိုတော့ မမှိတ်မသုန် စံထားပြီးတော့မှ၊ နောက်တစ်ချက်က ကိုယ်ချင်းစာတရားပေါ့။ အကယ်၍ ငါများ အမှုဖြစ်ခဲ့သော်၊ အကယ်၍ ငါများ အပြစ်မရှိပါဘဲနဲ့ တရားစွဲခံရခဲ့သော်၊ အကယ်၍ ငါများဆိုတဲ့ ကိုယ်ချင်းစာ၊ ဒီကိုယ်ချင်းစာ တရားသာ ရှိမယ်ဆိုရင် ဒီတရားစီရင်ရေးမဏ္ဍိုင်ကို ဘယ်သူမှ လက်ညှိုးထိုးစရာ အကြောင်းမရှိတော့ဘူး။ ဒါတွေနဲ့ ပတ်သက်ပြီးတော့ ဒီနေ့ ပြည်သူကြားမှာ ဖြစ်နေတဲ့ သဘောထားတွေလည်း ပြန်ကြားဖို့လိုတယ်။ ပြည်သူ့အသံလည်း နားထောင်ဖို့ လိုပါတယ်။ ပြည်သူ့အသံနားထောင်ပြီးတော့မှ တရားစီရင်ရေးမဏ္ဍိုင်ကို၊ အခု ဝေဖန်နေတာတွေကို ပွင့်ပွင့်လင်းလင်း ပြောမယ်ဆိုရင်တော့ ဥပဒေပြုရေးကလည်း တက်တက်ကြွကြွ လုပ်နေတယ်၊ အုပ်ချုပ်ရေးကလည်း တက်တက်ကြွကြွ လုပ်နေတယ်၊ တရားစီရင်ရေး မဏ္ဍိုင်ကတော့ ကျန်နေတယ်ဆိုပြီးတော့ ဝေဖန်တဲ့အသံတွေက ငြင်းလို့ မရပါဘူး။ ဒါတွေ ရှိနေပါတယ်၊ ရှိနေတော့ ဒါတွေနဲ့ပတ်သက်လို့ အချင်းချင်း အပြန်အလှန် ထိန်းကျောင်းရမယ်။ ပိုင်းခြားကျင့်သုံးတဲ့အခါမှာ ယတိပြတ် ပိုင်းခြားကျင့်သုံးတာမဟုတ်ဘူး။ တတ်နိုင်သမျှဆိုတဲ့စကား ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အချုပ်အခြာအာဏာသုံးရပ်က တစ်ရပ်ကို တစ်ရပ် တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးပြီးတော့မှ အချင်းချင်း အပြန်အလှန် ထိန်းကျောင်း ရမယ်။

အဲဒီတော့ လွှတ်တော်ရဲ့ နည်းဥပဒေမှာ တရားရုံးတစ်ရုံးကဆုံးဖြတ်ချက်မချရသေးတဲ့ ကိစ္စကို ဆွေးနွေးခြင်း မပြုရဆိုတာပါတယ်။ ဒါ စည်းတားလိုက်တာ၊ ဆွေးနွေးဆုံးဖြတ်ချက် မချသေးခင် ဒီက တရားရုံးတစ်ရုံးရုံးက ဆုံးဖြတ်ချက် မချသေးခင် ဒီမှာ ဆွေးနွေးလို့ရှိရင် တရားသူကြီးကို ဖိအားပေးရာရောက်မှာစိုးလို့၊ ဒါသည်အလွန်ရှင်းပါတယ်။ ဒီ စည်းပဲ။ အဲဒီတော့ ဆုံးဖြတ်ချက် ချပြီးသား ကိစ္စမှန်သမျှ လွှတ်တော်မှာ ဆွေးနွေးပိုင်ခွင့် ရှိတယ်။ ထောက်ပြ ပိုင်ခွင့်လည်း ရှိတယ်။ ဒါကို သင်ခန်းစာယူပြီးတော့ ဖော်ထုတ်ဖို့ပဲ လိုပါတယ်။ အဲဒီတော့ မိမိ အဖွဲ့အစည်းကိုပဲ မိမိတစ်ဖက်သတ် ကာကွယ်မယ်ဆိုရင် မိမိကိုယ်တိုင် တာဝန်မကင်းဘူး ဖြစ်သွားပါလိမ့်မယ်။ ဒါကြောင့်မို့လို့ ပြင်ဖို့ လိုပါတယ်။ အားလုံး အဆင့်ဆင့် ပြင်ဖို့လိုပါတယ်။ ပြင်ဖို့လိုတယ် ဆိုတာက နှုတ်နဲ့ မိန့်ခွန်းတွေ ပြောရုံနဲ့ ပြင်လို့မရပါဘူး။ လွှတ်တော်မှာ ပြည်သူ့လွှတ်တော်မှာရှိတဲ့ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ် အေးချမ်းရေး ကော်မတီကလည်း အကုန်လုံး ဒေါင့်စေ့အောင် လိုက်မစစ်နိုင်ပါဘူး။ အစွမ်းကုန် ကြိုးစားဆောင်ရွက်ပြီးတော့ Rule of Law ရအောင် လုပ်နေတာဖြစ်တယ်။ ကာယကံရှင် တရားသူကြီးတွေ ကိုယ်တိုင်က၊ အဆင့်ဆင့်က ဒီ Rule of Law ကို အကောင်အထည်ဖော်မယ်ဆိုတဲ့ သိန္နိဋ္ဌာန်စိတ် ချဖို့လိုကြောင်း လွှတ်တော်ကို ပြောကြားလိုပါတယ်။

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူတို့၏ တိုင်ကြားစာနဲ့ အသနားစာဆိုင်ရာ ကော်မတီက တင်သွင်းခဲ့တဲ့ အစီရင်ခံစာနဲ့ အဆိုကို အတည်ပြုဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါ့မယ်။

အမျိုးသားလွှတ်တော်က ဖော်ပြပါ အစီရင်ခံစာနဲ့ အဆိုကို အတည်ပြုရန် သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူတို့၏ တိုင်ကြားစာနဲ့ အသနားစာဆိုင်ရာ ကော်မတီ က တင်သွင်းတဲ့ အစီရင်ခံစာနဲ့ အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

**အချိန်၊ ၁၁း၃၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃)ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အစီအစဉ်(၁၃) မဆောင်ရွက် ခင်မှာ သတိရတာလေးတစ်ခုပေါ့နော်၊ ဒေါက်တာဗညားအောင်မိုး က ပြောဖူးတယ်။ ကျွန်တော်တို့ မွန်အမျိုးသားတွေ ခေါင်းပေါင်း ပေါင်းဖို့အတွက်ကိုတဲ့ အတည်ပြုပါတော့မယ်လို့ ပြောဖူးတယ်။ ဒေါက်တာဗညားအောင်မိုး အဲဒီကိစ္စ အတည်ပြုပြီး/မပြီး ရိုးသားစွာ တင်ပြပေးပါဦး။

**အချိန်၊ ၁၁း၃၆။**

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်အမျိုးသားခေါင်းပေါင်းကိစ္စကို အသင်း၊ စာပေယဉ်ကျေးမှုနဲ့ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များ၊ အသင်းအဖွဲ့များကနေပြီးတော့ လွန်ခဲ့တဲ့ (၂)လလောက်က အစည်းအဝေးဆွေးနွေး စည်းဝေးပြီးတော့ ဆုံးဖြတ်ချက် ချခဲ့ပါတယ်။ ဒါပေမဲ့ အရင်က မွန်တိုင်းရင်းသားများ၊ မွန်လူမျိုးတွေရဲ့ ခေါင်းပေါင်းကို ဖော်ထုတ်ထားဖူးတဲ့ အဖွဲ့ကနေပြီးတော့ လက်မခံနိုင်တဲ့ အခြေအနေမှာ ရှိတယ်။ သဘောတူညီမှု အတိအကျ မရသေးတဲ့အချိန်မျိုး ဖြစ်နေတဲ့အခါကျတော့ (၂)မျိုးထွက်လာမှာ စိုးရိမ်လို့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ ဘာမှ အသုံးမပြုသေးတာ ဖြစ်ပါတယ်လို့ လေးစားစွာ တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ။** ။ ဒေါက်တာဗညားအောင်မိုး က ပြောဖူးလို့ မေးကြည့်တာပါ။ ဆုံးဖြတ်ပြီးသားကို ငြိမ်နေမှာလည်းစိုးလို့၊ တကယ်တော့ ခေါင်းပေါင်း ပါရင်တော့ ပိုပြီးတော့ အဆင်ပြေတယ် ထင်တယ်ကြည့်ရတာ။

အဲဒီတော့ အစီအစဉ်(၁၃) ဆောင်ရွက်ပါ့မယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကို ၂၅-၆-၂၀၁၃ ရက်နေ့မှ ယနေ့ ၃၀-၈-၂၀၁၃ ရက်နေ့အတွင်း (၂၈)ရက် ကျင်းပပြုလုပ်ခဲ့ပါတယ်။ သတ္တမပုံမှန်အစည်းအဝေးမှာ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အဆိုများ၊ အစီရင်ခံစာများနှင့် ဥပဒေကြမ်းများကို တင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ အတည်ပြုခြင်း၊ ကော်မတီ၊ ကော်မရှင်နှင့် အသင်းများ ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

မေးခွန်းများ မေးမြန်းခြင်းကဏ္ဍတွင် လွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြ မေးခွန်း(၁၁၈)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း(၁၈၆)ခု တို့ကို မေးမြန်းခဲ့ရာ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ပြည်ထောင်စုအစိုးရ အဖွဲ့အစည်းဝင်များက လွှတ်တော်တွင် နှုတ်ဖြင့် ဖြေကြားခြင်း၊ စာဖြင့်ပေးပို့ ဖြေကြားခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။

အဆိုများတင်သွင်းခြင်းကဏ္ဍမှာ လွှတ်တော်ကိုယ်စားလှယ်(၁၀)ဦးက အဆို(၁၄)ခု တင်သွင်းခဲ့ရာ အတည်ပြုသည့်အဆို(၁၁)ခု၊ မှတ်တမ်းတင်အဆို(၁)ခု၊ ရုပ်သိမ်းအဆို(၁)ခုနဲ့ ဥပဒေကြမ်းကော်မတီနှင့် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီက တင်ပြထားသော အဆို(၁)ခု ဖြစ်ပါတယ်။

ဥပဒေကြမ်း တင်သွင်းခြင်းကဏ္ဍမှာ အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးမှာ စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်က ပေးပို့သည့် ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါတယ် -

ကာလစည်းကမ်းသတ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ အမျိုးသားလွှတ်တော်က ၂၃-၇-၂၀၁၃ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးတော့ ၂၅-၇-၂၀၁၃ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ပြီး ဖြစ်ပါတယ်။

ရာဇဝတ်ကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ယနေ့ပဲ ဥပဒေကြမ်းကို ဆိုင်းငံ့ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဆက်သွယ်ရေးဥပဒေကြမ်း ၂၀-၈-၂၀၁၃ ရက်နေ့မှာ ပြန်လည် ဆွေးနွေးပြီးတော့ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်တွေကို အမျိုးသားလွှတ်တော်က သဘောမတူကြောင်း ဆုံးဖြတ်တဲ့ အတွက် ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါတယ်။

မြစ်ကျဉ်းသွားလာရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၃-၇-၂၀၁၃ ရက်နေ့မှာ ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့ပြီး ဖြစ်ပါတယ်။ ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ၃-၇-၂၀၁၃ ရက်နေ့မှာ ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့ပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအမျိုးသားလွှတ်တော်မှာ ၂၅-၆-၂၀၁၃ ရက်နေ့၌ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က အဆို တင်သွင်းပါတယ်။ ၁၇-၇-၂၀၁၃ ရက်နေ့မှာ ပြင်ဆင်ချက်နဲ့ အတည်ပြုပြီး ၁၈-၇-၂၀၁၃ ရက်နေ့မှာ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၀ အရ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ပါတယ်။

ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ ၂၆-၆-၂၀၁၃ ရက်နေ့မှာ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် က အဆို တင်သွင်းခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ၅-၈-၂၀၁၃ ရက်နေ့မှာ ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ၇-၈-၂၀၁၃ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

နေပြည်တော်စည်ပင်သာယာရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ ၂၇-၆-၂၀၁၃ ရက်နေ့မှာ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က အဆို တင်သွင်းခဲ့ပါတယ်။ ယင်း ဥပဒေကြမ်းကို လက်ခံဆွေးနွေးစဉ်းစားဆဲ ဖြစ်ပါတယ်။

စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ၂-၇-၂၀၁၃ ရက်နေ့မှာ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က အဆို တင်သွင်း ခဲ့ပါတယ်။ ယင်းဥပဒေကြမ်းကို လက်ခံဆွေးနွေးစဉ်းစားဆဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် တွင် ၂၉-၇-၂၀၁၃ ရက်နေ့မှာ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က အဆို တင်သွင်းခဲ့ ပါတယ်။ အမျိုးသားလွှတ်တော်က ၂၈-၈-၂၀၁၃ ရက်နေ့မှာ ပြင်ဆင်ချက်များနဲ့ အတည်ပြုပြီး ၂၉-၈-၂၀၁၃ ရက်နေ့မှာ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၀ အရ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ပါတယ်။

မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ ၁၂-၈-၂၀၁၃ ရက်နေ့၌ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က အဆို တင်သွင်းခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ၁၉-၈-၂၀၁၃ ရက်နေ့မှာ ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ၂၀-၈-၂၀၁၃ ရက်နေ့မှာ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၀ အရ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းသည့် ဥပဒေကြမ်းများမှာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင် က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို

ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ ၂၃-၈-၂၀၁၃ ရက်နေ့မှာ အဆို တင်သွင်းခဲ့ပါတယ်။ ၂၆-၈-၂၀၁၃ ရက်နေ့မှာ ယင်းဥပဒေကြမ်းကို လက်ခံဆွေးနွေးစဉ်းစားရန် လွှတ်တော်က ဆုံးဖြတ်ခဲ့ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် က သတင်းမီဒီယာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ ၂၃-၈-၂၀၁၃ ရက်နေ့မှာ အဆို တင်သွင်းခဲ့ပြီးတော့ ယနေ့မှာ ပြင်ဆင်ချက်များနဲ့ အတည်ပြုခဲ့ပါတယ်။

အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးရန် ပေးပို့ထားသည့် ဥပဒေကြမ်းများအနက် အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ၆-၃-၂၀၁၃ ရက်နေ့မှာ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း သဘောတူကြောင်း ပြန်လည်အသိပေးလာပါတယ်။

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ၂၂-၃-၂၀၁၃ ရက်နေ့တွင် အမျိုးသားလွှတ်တော်၏ အတည် ပြုချက်အတိုင်း သဘောတူကြောင်း ပြန်လည် အသိပေးလာပါတယ်။

ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ၂၂-၃-၂၀၁၃ ရက်နေ့မှာ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း သဘောတူကြောင်း ပြန်လည်ပေးပို့လာပါတယ်။

အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း ကို ပြည်သူ့လွှတ်တော်က ၂၅-၁-၂၀၁၃ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ ပြန်လည်ပေးပို့လာပါတယ်။ အမျိုးသားလွှတ်တော်တွင် ၉-၇-၂၀၁၃ ရက်နေ့၌ အစီရင်ခံစာပြန်လည်ဖတ်ကြားပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြုဆုံးဖြတ်ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအား လွှတ်တော်က သဘောမတူကြောင်း ဆုံးဖြတ်သဖြင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၄(က)အရ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးရန် ဆုံးဖြတ်ခဲ့ပါတယ်။

အမျိုးသားအစားအသောက် ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ၂၈-၆-၂၀၁၃ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ ပြန်လည်ပေးပို့လာပါတယ်။ ယင်းဥပဒေကို အမျိုးသားလွှတ်တော်၌ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း ၁-၈-၂၀၁၃ ရက်နေ့တွင် အတည်ပြု ဆုံးဖြတ်ခဲ့ပါတယ်။

ပြည်သူ့လွှတ်တော်မှာ စတင်တင်သွင်းပြီးတော့ အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့သည့် ဥပဒေကြမ်းများအနက် တရားမကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ယနေ့ပဲ ဆိုင်ငံ့ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ပြည်ထောင်စုတရား စီရင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ ဥပဒေကြမ်းကော်မတီက ၅-၇-၂၀၁၃ ရက်နေ့မှာ အစီရင်ခံစာ တင်သွင်းခဲ့ပါတယ်။ ၂၄-၇-၂၀၁၃ ရက်နေ့မှာ အမျိုးသားလွှတ်တော်မှာ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ၂၅-၇-၂၀၁၃ ရက်နေ့မှာ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၉ အရ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ ဥပဒေကြမ်းကော်မတီက ၉-၇-၂၀၁၃ ရက်နေ့မှာ အစီရင်ခံစာ တင်သွင်းခဲ့ပါတယ်။ ၁၈-၇-၂၀၁၃ ရက်နေ့တွင် အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး ၂၃-၇-၂၀၁၃ ရက်နေ့တွင် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၉ အရ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

မျက်စိလျှုဒါန်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ ဥပဒေကြမ်းကော်မတီက ၂-၈-၂၀၁၃ ရက်နေ့မှာ အစီရင်ခံစာ တင်သွင်းခဲ့ပါတယ်။ ၇-၈-၂၀၁၃ ရက်နေ့မှာ အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက် မပြုဘဲ အတည်ပြုပြီး ၈-၈-၂၀၁၃ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီက ၁၉-၈-၂၀၁၃ ရက် နေ့မှာ အစီရင်ခံစာ တင်သွင်းခဲ့ပါတယ်။ ၂၆-၈-၂၀၁၃ ရက်နေ့မှာ အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၉ အရ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီက ၂၀-၈-၂၀၁၃ ရက်နေ့မှာ အစီရင်ခံစာ တင်သွင်းခဲ့ပါတယ်။ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာထားပါတယ်။

တောင်သူလယ်သမားများ၏ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီက ၂၁-၈-၂၀၁၃ ရက်နေ့မှာ အစီရင်ခံစာ တင်သွင်းခဲ့ပါတယ်။ ၂၆-၈-၂၀၁၃ ရက် နေ့မှာ အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၉ အရ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

မြန်မာအထူးစီးပွားရေးဇုန် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီက ၂၈-၈-၂၀၁၃ ရက် နေ့တွင် အစီရင်ခံစာ တင်သွင်းခဲ့ပါတယ်။ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာထားပါတယ်။

အစီရင်ခံစာ တင်သွင်းခြင်းကဏ္ဍမှာ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှ မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများ၊ အဆိုများ၊ ကြယ်ပွင့်မပြမေးခွန်းများ၊ ပထမပုံမှန်မှ ပဉ္စမပုံမှန်အထိ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန် ကြယ်ပွင့်ပြ မေးခွန်းများ၊ အဆိုများ စာရင်းချုပ်နှင့် ပထမပုံမှန်မှ စတုတ္ထပုံမှန်အထိ ဆောင်ရွက်ဆဲ ကြယ်ပွင့်မပြ မေးခွန်းများနှင့် စပ်လျဉ်းသည့်အစီရင်ခံစာကို ၂၆-၈-၂၀၁၃ရက်နေ့မှာ အဆိုတင်သွင်းခဲ့ပါတယ်။ ယနေ့မှာ လွှတ်တော်က အဆုံးအဖြတ်ပြု အတည်ပြုခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေး ကော်မတီရဲ့ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ သွားရောက်လှူဒါန်းခြင်း ခရီးစဉ်အစီရင်ခံစာ (၁/၂၀၁၃)ကို ၂၈-၈-၂၀၁၃ ရက်နေ့မှာ လွှတ်တော်ကို ဖတ်ကြားတင်သွင်းခဲ့ပြီး လွှတ်တော်က မှတ်တမ်းတင်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ကာလအတွင်း အမျိုးသားလွှတ်တော်နှင့် ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ ထိုင်း၊ ဂျပန်၊ ဩစတြေးလျ၊ ပြင်သစ် လွှတ်တော်များနှင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်းများ ဖွဲ့စည်းခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော်မှာ ဖွဲ့စည်းမယ့် အာဆီယံ ပါလီမန်များ ညီလာခံ (AIPA) ဆိုင်ရာ ပူးပေါင်းကော်မတီနှင့် နိုင်ငံတကာ ပါလီမန်များ အဖွဲ့(IPU) ဆိုင်ရာ ပူးပေါင်း ကော်မတီမှာ ထည့်သွင်းဖွဲ့စည်းမယ့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ အမည်စာရင်းကို အတည်ပြုခဲ့ပါတယ်။

လွှတ်တော်ရဲ့ အုပ်ချုပ်မှုကိစ္စများ၊ ကော်မတီအသီးသီး၏ လုပ်ငန်းကိစ္စများကို လေ့လာ သိရှိပြီး စုပေါင်းညှိနှိုင်းတာဝန်ယူ၍ လွှတ်တော်ဥက္ကဋ္ဌကို အထောက်အကူပြုရန်အတွက် လွှတ်တော် ကိုယ်စားလှယ်များ၏ ဆန္ဒကိုရယူပြီးတော့ ရေးရာကော်မတီများနဲ့ လွှတ်တော်အုပ်ချုပ်မှု မူဝါဒ လုပ်ငန်းညှိနှိုင်းရေးအဖွဲ့ကို အဖွဲ့ဝင် (၁၅)ဦးဖြင့် ဖွဲ့စည်းခဲ့ပါတယ်။ ဒီအဖွဲ့ကပဲ အမျိုးသားလွှတ်တော် ရေးရာကော်မတီ(၁၇)ခုကို ကော်မတီဝင်များ ရွေးချယ်ခန့်အပ် ဖွဲ့စည်းပေးခဲ့ပါတယ်။

ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော် အခွင့်အရေး ကော်မတီ နှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများ နှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီများကို ပြင်ဆင် ဖွဲ့စည်းပေးခဲ့ပါတယ်။ ဘဏ္ဍာရေးနှင့်ဥပဒေရေးရာ ကော်မရှင်ကိုပယ်ဖျက်ပြီးတော့ နိုင်ငံရေး၊ စီးပွားရေး နှင့် ဥပဒေရေးရာကော်မရှင်အဖြစ် ဖွဲ့စည်းခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကော်မတီများနှင့် ကော်မရှင်က ပြုလုပ်တဲ့ အစည်းအဝေးများမှာ ဥပဒေကြမ်းကော်မတီ အစည်းအဝေး(၃၄)ကြိမ်၊ ပြည်သူ့ငွေစာရင်းကော်မတီ အစည်းအဝေး(၁၁)ကြိမ်၊ လွှတ်တော် အခွင့်အရေးကော်မတီ အစည်းအဝေး(၃)ကြိမ်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ အစည်းအဝေး(၃)ကြိမ်၊ အလုပ်သမားများ ရပိုင်ခွင့်ကာကွယ် စောင့်ရှောက်ရေးကော်မတီ (၂)ကြိမ်၊ အပြည်ပြည်ဆိုင်ရာ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးကော်မတီ (၁)ကြိမ်၊ အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှု စီမံကိန်းများရေးရာကော်မတီ (၉)ကြိမ်၊ သတ္တုနှင့် သယံဇာတရေးရာကော်မတီ အစည်းအဝေး(၁၂)ကြိမ်၊ ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ အစည်းအဝေး(၂)ကြိမ်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီ အရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ အစည်းအဝေး(၄)ကြိမ်၊ ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီ (၁)ကြိမ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုကော်မတီ (၃)ကြိမ်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီ (၅)ကြိမ်၊ တိုင်းရင်းသားရေးရာကော်မတီ (၃)ကြိမ်၊ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ ကော်မတီ(၁)ကြိမ်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ (၂)ကြိမ်၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့် ပဋိပက္ခဖြေလျှော့ရေးကော်မတီ (၃)ကြိမ်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ(၆)ကြိမ်၊ အစိုးရမဟုတ်သော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများဆိုင်ရာ

ကော်မတီ (၃)ကြိမ်၊ တောင်သူလယ်သမား အကျိုးစီးပွားမြှင့်တင်ရေးကော်မတီ (၈)ကြိမ်၊ မဟာဗျူဟာလေ့လာရေးနှင့် သုတေသနကော်မတီ(၂)ကြိမ်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင် (၄)ကြိမ်၊ စုစုပေါင်းကော်မတီ အစည်းအဝေး (၁၁၈)ကြိမ်နှင့် ကော်မရှင် အစည်းအဝေး (၄)ကြိမ် ပြုလုပ်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စားလှယ်များ စွမ်းရည်မြှင့်မားစေရေးကို ရည်ရွယ်ပြီးတော့ ၂၄-၇-၂၀၁၃ မှ ၂၈-၈-၂၀၁၃ အတွင်း ဆွေးနွေးဟောပြောပွဲ (၁)ကြိမ်နဲ့ အပြန်အလှန် ဆွေးနွေးပွဲ (Debate)များကို (၈)ကြိမ် ပြုလုပ်ခဲ့ပါတယ်။ ဆွေးနွေးခဲ့သော ခေါင်းစဉ်များမှာ ဖယ်ဒရယ်မူ သဘောတရားနှင့် လက်တွေ့၊ ဇဟိုဖြန့်ဝေရေးနှင့် အုပ်ချုပ်ရေးစနစ် ပြန်လည်တည်ဆောက်ရေး၊ မြန်မာ့လူမှု နိုင်ငံရေးတန်ဖိုးနှင့် ဒီမိုကရေစီအပြောင်းအလဲ၊ ဖဆပလနှင့် ပင်လုံညီလာခံ၊ တိုင်းပြည်ပြုလွှတ်တော်နှင့် ၁၉၄၇ အခြေခံဥပဒေ၊ ပစိဖိတ်အကျပ် ၂၁ ရာစု အရှေ့နှင့်တရုတ်၊ အမေရိကန်၊ အိန္ဒိယ သုံးပွင့်ဆိုင် သံခင်းတမန်ခင်း၊ မြန်မာနိုင်ငံတွင် ထုတ်ပြန်ခဲ့သော လွတ်ငြိမ်းချမ်းသာခွင့် အမိန့်များအား လေ့လာတင်ပြခြင်း၊ နိုင်ငံသစ် ထူထောင်ရာတွင် အလုံးစုံအရည်အသွေး တည်ဆောက်မှု လိုအပ်ချက်ဆိုင်ရာ စာတမ်း၊ ကိုလိုနီခေတ် ဗြိတိသျှအုပ်ချုပ်ရေးနှင့် လူဝင်/လူထွက်ပြဿနာတို့ဖြစ်ပြီး အဆိုပါ စာတမ်းများကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး မတိုင်ခင်အထိ စုဆောင်း ရရှိထားသော စာအုပ်စုစုပေါင်းမှာ (၅၆၀၄)အုပ်ဖြစ်ပြီး ယခု သတ္တမပုံမှန် အစည်းအဝေး စတင်သည့် ကာလအတွင်း စာကြည့်တိုက်မှာ ထပ်မံစုဆောင်းရရှိသည့် စာအုပ်မှာ (၈၆၄)အုပ် ဖြစ်၍ စုစုပေါင်းစာအုပ် (၆၄၆၈)အုပ် အမျိုးသားလွှတ်တော် စာကြည့်တိုက်တွင် စုဆောင်း ရရှိထားပြီးဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များကို အသိပေးပါတယ်။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ချမ်းသာကိုယ်စိတ်မြဲပြီး၊ မိမိတို့ရဲ့ မဲဆန္ဒရှင်ပြည်သူများရဲ့အကျိုး၊ ဒေသရဲ့အကျိုး၊ နိုင်ငံတော်ရဲ့အကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၈)ရက်မြောက်နေ့အစည်းအဝေး ရပ်နားကြောင်းနှင့် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာခြင်း

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို (၁၁း၅၀)နာရီအချိန်တွင် ရပ်နားပါသည်။]